ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။

လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက် တနလာနေ့။ Monday, 25 May 2026 ၁၂၁၈၉

ကျောင်းအပ်နှံရေးသီတင်းပတ်

(၂၅-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့ထိ)

"နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့
ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"

- ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။
- ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်မှုအခြေအနေများ လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် ၊ မေ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညီစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမင်းနောင်၊ ဦးထိန်လင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရွှေမြို့မွေးမြူရေးဇုန်

ဦးစွာ နေပြည်တော်ကောင်စီနယ်မြေ ရွှေမြို့မွေးမြူရေးဇုန်အတွင်းရှိ Sunlight Venture Co., Ltd. ၏ ဆိတ်မွေးမြူရေးခြံသို့ ရောက်ရှိစစ်ဆေးရာ လုပ်ငန်းရှင် ဦးမြတ်မင်းလတ်က လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ အစာကျွေးမွေးမှု စနစ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ➲



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ရွှေမြို့မွေးမြူရေးဇုန်အတွင်းရှိ Sunlight Venture Co., Ltd. ၏ ဆိတ်မွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။

တိုင်ဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ၊ မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာအနှံအပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိုပိစိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/၉လ

ယနေ့ ဖတ်စရာ

မြို့ပြအလှ၊ မြို့ပြရန်နှင့် အမှိုက်ကင်းစင်သော Green City တည်ဆောက်ရေး

ဆောင်းပါး စာမျက်နှာ » ၆

ကျန်းမာရေး အလေ့အထကောင်းတွေကို ဒီနေ့မှ စတင်လိုက်ရအောင်...

ဆောင်းပါး စာမျက်နှာ » ၁၀



အဝလွန်ခြင်းသည် ဦးနှောက်ကို မြန်မြန် အိုမင်းစေနိုင်

နည်းပညာနှင့် သုတကမ္ဘာ စာမျက်နှာ » ၁၇



ကျောင်းနေအရွယ်ကလေးများအားလုံးအတွက် ကျောင်းအပ်နှံရေးသီတင်းပတ်

ယခု မေလ ၂၅ ရက်နေ့မှ ၃၁ ရက်နေ့သည် ကျောင်းနေအရွယ်ကလေးငယ်များအားလုံးအတွက် ကျောင်းအပ်နှံရေးသီတင်းပတ်ဖြစ်သည်။ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး အဆိုပါသီတင်းပတ်တွင် ကျောင်းအပ်နှံကြရမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေလိုက်ရသည့် သို့မဟုတ် ကျောင်းပြင်ပသို့ ရောက်ရှိသွားကြသည့် ကျောင်းနေအရွယ်ကလေးငယ်များအားလုံးအနေဖြင့်လည်း ဆက်လက်၍ စာသင်ကျောင်းများသို့ ပြန်လည်တက်ရောက်နိုင်မည့် အခွင့်အရေးများရရှိနေပြီဖြစ်သည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံတော်၏အနာဂတ် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပညာရေးကဏ္ဍကို မြှင့်တင်အားပေးပြီး ပညာအမွေအနှစ်များကို ရင်းနှီးမြှုပ်နှံပေးလျက်ရှိသည်။ ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များ၊ ပညာတတ်လူစွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ပေးပြီး စဉ်ဆက်မပြတ် ပညာရေးကိုမြှင့်တင်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ပြည်သူများ၏ လူမှုစီးပွားအခြေအနေများအရ ပညာသင်ကြားရေးတွင် အလွှာစုံ၊ နယ်ပယ်စုံလစ်ဟာမှုမရှိစေရေး၊ ပညာသင်ရသူ မကျန်ရှိစေရေးအတွက် ဘက်စုံကဏ္ဍစုံ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ အခမဲ့ပညာရေးနှင့် လိုအပ်သမျှကို ဖြည့်ဆည်းပေးနိုင်ရန် အတတ်နိုင်ဆုံးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ကြရာ၌ နိုင်ငံသားတစ်ယောက်ချင်းစီတွင် မဖြစ်မနေပိုင်ဆိုင်ထားရမည့် ပညာအရည်အသွေးအဆင့်အတန်းအလိုက်ရှိရမည်ဖြစ်သည်။ နိုင်ငံသားတစ်ယောက်၏ အရည်အသွေးကို ပညာသင်ယူတတ်မြောက်မှုအဆင့်အတန်းဖြင့် တိုင်းတာကြပါသည်။ အဆိုပါ အဆင့်အတန်းကို စာသင်ကျောင်းများကသာ ပြဋ္ဌာန်းပေးပါသည်။ အတန်းပညာရှိမှ အသိပညာရှိမည်ဖြစ်သလို အလုပ်အကိုင်အခွင့်အလမ်းကောင်းများကိုလည်း ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်၏အနာဂတ်အတွက်၊ နိုင်ငံတော်၏ရည်မှန်းချက်၊ ကျောင်းသားကျောင်းသူများ၏ အနာဂတ်အတွက် ပေါက်မြောက်အောင်မြင်စေရန် ပညာရေးဝန်ထမ်းများအားလုံးက အလေးထားဆောင်ရွက်ကြရမည်ဖြစ်သလို မိဘအုပ်ထိန်းသူများကလည်း မိမိတို့ရင်သွေးငယ်များ၊ သားသမီးများ၏ အနာဂတ်ဘဝအတွက် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍမြင့်မားတိုးတက်လာအောင် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ သင်ကြား၊ သင်ယူမှု အထောက်အပံ့ကောင်းများပြည့်စုံစေရေး၊ ဆရာအရည်အသွေးမြင့်မားတိုးတက်စေရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသလို ပညာရေးဝန်ထမ်းများအနေဖြင့်လည်း ပညာရေးရည်မှန်းချက် အကောင်အထည်ပေါ်စေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ကျောင်းအပ်လက်ခံရာတွင် မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။ ငွေကြေး၊ လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာလက်ခံခြင်းမပြုရ။ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်စေရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများ နေ့စဉ်လုပ်ဆောင်ရေး မိဘများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပေးရန်။ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရန်။ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် မူလတန်းမှ အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘအုပ်ထိန်းသူများနှင့် ပူးပေါင်းညှိနှိုင်းပေးရန်တို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့အပြင် ပညာသင်ကြားရေးအတွက် နိုင်ငံတော်က ထောက်ပံ့ဖြည့်ဆည်းမှုများကို တစ်ယောက်မကျန် စီမံဆောင်ရွက်ပေးရန်။ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ ဆေးလိပ်၊ ကွမ်းယာမသုံးစွဲစေရေး မိဘပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်။ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးကို ဆောင်ရွက်ပေးရန်။ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ ရွေ့မြေဆောင်ရွက်တတ်စေရန် အသိပညာပေးရေး မိဘပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်။ ကျောင်းသား ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပဟေဠိစေရေး ပူးပေါင်းဆောင်ရွက်ရန်။ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာစေဘဲ ဆေးရုံ၊ ဆေးခန်းပြသရန်။ အသက် ၁၂ နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရန် ကျန်းမာရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဆရာ ဆရာမများအနေဖြင့် ပညာရေးရည်မှန်းချက်အောင်မြင်စေရန် တာဝန်ဝတ္တရားများကို စေတနာအပြည့်အဝထားပြီး ထမ်းဆောင်နေကြသည်။ ကျောင်းအနေအရွယ်ကလေးငယ်တိုင်း ကျောင်းနေနိုင်ရေး၊ ကျောင်းနေကလေးတိုင်း အတန်းစဉ်ကူးပြောင်းရေး၊ ပညာတတ်မြောက်ရေးတို့အပြင် ကျောင်းသား ကျောင်းသူများ၏ လိုအပ်ချက်အဝဝတို့ကို ဆောင်ရွက်ပေးနေပြီဖြစ်ရာ ငါးနှစ်အရွယ်ကလေးများအား သူငယ်တန်း (KG) သို့အပ်နှံရန်၊ ခြောက်နှစ်အရွယ်ကလေးများအား ပထမတန်း (Grade 1) သို့အပ်နှံရန်နှင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

နေပြည်တော် မေ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု ရသစာတမ်း ဒုတိယဆုရရှိသည့် စာရေးသူ သုတိသြဘာ (ဆင်ပေါင်ဝဲ)၏ 'ရွာဦးကျောင်းဆရာတော်တစ်ပါး၏ ဘဝမှတ်တမ်း'စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် စာတမ်းတို ၂၇ ပုဒ် ပါဝင်သည်။ အကြောင်းကြောင်းကြောင့် စိတ်ဝမ်းကွဲပြီး မည်မည္ဗာတ်ဖြစ်နေသော ရွာနှစ်ရွာရှိ ရွာသူရွာသားများကို ညီညွတ်မှုတာ၊ သဟဇာတဖြစ်လာအောင် စာရေးသူရဟန်းက ခက်ခက်ခဲခဲကြိုးပမ်းရင်းကိုယ်တိုင်ရင်ဆိုင်ကြုံတွေ့၊ ဒုက္ခအဖုံဖုံ၊ စိန်ခေါ်မှုမျိုးစုံတို့ကို လောကအကြောင်း၊ ဓမ္မကြောင်းတို့ဖြင့်လည်းကောင်း၊ ဟာသနှောရွှဲလည်းကောင်း စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးဖွဲ့ခြယ်မှုန်းထားသည့် ရသစာစုများပါဝင်သော စာအုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၄၅၀၀ ဖြင့် အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၈)။ အမှတ် (၀၁-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၁၊ ၀၆-၄၄၅၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိစာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁- ၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

မရမ်းကုန်းမြို့နယ်၌ မြို့နယ်စာရေးဆရာအသင်း အစည်းအဝေးနှင့် အလုပ်အမှုဆောင်ရွေးချယ်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် မြို့နယ်စာရေးဆရာအသင်း၏ စတုတ္ထအကြိမ် မျက်နှာစုံညီအစည်းအဝေးနှင့် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၃)ရပ်ကွက်ရှိ ဆံတော်ရှင်ကျိုက်ဝိုင်း စေတီတော်မြတ်ကြီး အောင်မင်္ဂလာရုံ၌ ကျင်းပသည်။ ဦးစွာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးထင်ကျော်မိုး(မြေလတ်ထင်ကျော်မိုး)က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်သီတာအောင် (ပွင့်စန္ဒီ)က အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ကြရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌအဖြစ် မြေလတ်ထင်ကျော်မိုး၊ ဒုတိယဥက္ကဋ္ဌအဖြစ် ရှင်ဇာနန် (မဟာသိပ္ပံ)၊ အတွင်းရေးမှူးအဖြစ် ပွင့်စန္ဒီ၊ တွဲဖက်အတွင်းရေးမှူးအဖြစ် မျိုးမင်းသိန်း (ရွှေမြိုင်)၊ ဘဏ္ဍာရေးမှူးအဖြစ် ချောချော (ချော်တွင်းကုန်း)၊ အမှုဆောင်များအဖြစ် မောင်လွမ်းနေ၊သိန်းဆွေအောင်(သဲကုန်း)၊ တင်အောင်ဆန်း(မရမ်းကုန်း)၊ ညီညီ(သမိုင်း)တို့အား ရွေးချယ်အတည်ပြုကြပြီး ညီလာခံကိုယ်စားလှယ်အဖြစ် မြေလတ်ထင်ကျော်မိုးနှင့် ရှင်ဇာနန် (မဟာသိပ္ပံ)၊ ညီလာခံကိုယ်စားလှယ် (အရန်)အဖြစ် ပွင့်စန္ဒီတို့အား ရွေးချယ်အတည်ပြုခဲ့ကြကြောင်း သိရသည်။

မင်းသိန်းထွန်း

၂၄ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ဂ၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မို့မို့အောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊		ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
	ယုဝါဝါ၊ သီသီမင်း၊	အငယ်တန်း	- အောင်ကျော်ဦး၊ သန်းတင်အောင်
	ဟိန်းထက်လင်း၊ သက်ထွေး၊	သတင်းထောက်များ	ခင်သက်မွန်၊ မြသီတာ
	စန်းယဉ်ဦး၊ နိုင်လင်းကြည်	သုတေသန	- ဇင်မာဝင့်
ဘာသာပြန်	- အောင်ကျော်ကျော်၊	စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
	စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးကုန်ကြမ်းများဖြင့် တိရစ္ဆာန်အစာများ ထုတ်လုပ်ကျွေးမွေးခြင်းနှင့် စားသုံးမှုဖူလုံအောင် မွေးမြူထုတ်လုပ်ပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျော့ကျစေနိုင်မည်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တပ်ကုန်းမြို့နယ် အမှတ်(၁) ကံကြီးမွေးမြူရေးဇုန်အတွင်းရှိ ဖန်ဟွ နွံစားနွားမွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။

❂ ရှေ့ဖုံးမှ

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်ကျနသည့် မွေးမြူရေးစနစ်ဖြစ်စေရေး ကနဦးဆောင်ရွက်သွားရန်လိုပြီး ထိုမှတစ်ဆင့် ခေတ်မီ မွေးမြူရေးစနစ်သို့ သွားရမည်ဖြစ်ကြောင်း၊ အစာစနစ်၊ ရေစနစ်များကိုလည်း စတင်မွေးမြူစဉ် ကတည်းကပင် စနစ်တကျဖြစ်ရန်လိုပြီး၊ ဇီဝလုံခြုံမှုအတွက်လည်း စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ သတ်မှတ်ထားသည့် ကောင်ရေပြည့်မီရေး၊ အသားထုတ်လုပ်မှု စနစ်တကျဖြစ်စေရေး စီမံဆောင်ရွက်သွားရန်နှင့် အသားထုတ်လုပ်မှုအပြင် ဆိတ်သားရေကိုလည်း စျေးကွက်သို့ ဖြန့်ဖြူးသွားနိုင်ကြောင်း၊ မိမိတို့အား ခွင့်ပြုပေးထားသည့် မြေဧရိယာအတွင်း ဆိတ်အစာနေဗီယာမြက်များအပြင် ဆီးပင်များကိုလည်း ထည့်သွင်းစိုက်ပျိုး၍ ဆီးသီးခြောက်ဖတ်များကို ကျွေးမွေးနိုင်မည် ဖြစ်ကြောင်း၊ ဆိတ်အစာမြက် စိုက်ပျိုးရာ၌ စဉ်ဆက်မပြတ်သည့် စိုက်ပျိုးထုတ်လုပ်မှုစနစ် ဖြစ်စေရေး အတွက်လည်း စနစ်တကျ တွက်ချက် စိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်နှံ့ကြားသည်။

ထို့နောက် ရွှေမြို့မွေးမြူရေးဇုန်အတွင်းရှိ နယ်မြေခံတပ်ရင်း ဝက်မွေးမြူရေးခြံသို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှု၊ အသားတိုးဝက်များ ဖြန့်ဖြူးရောင်းချခဲ့မှု၊ ထွက်ရှိလာသည့် ဝက်များအား ပြင်ပဈေးနှုန်းထက် သက်သာသော နှုန်းထားဖြင့် တိုင်းစစ်ဌာနချုပ်များသို့ ရိက္ခာစို၊ အသားခြောက်၊ အသင့်စား ဝက်သားဟင်းထုပ် စသည့် နည်းလမ်းများဖြင့် ဖြန့်ဖြူးပေးလျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ဝက်မျိုးများအား ပြည်ပမှ တင်သွင်းမွေးမြူခြင်း ထက် မိမိကိုယ်တိုင် မျိုးထုတ်၍ တိုးချဲ့မွေးမြူသွားရန်လိုကြောင်း၊ စတင်မွေးမြူသည်မှစ၍ အသားထုတ်လုပ်သည်အထိ စနစ်တကျ ဖြစ်ရန်လိုပြီး သတ်မှတ်ထားသည့် နှုန်းထားအတိုင်း အစာကျွေးမွေးမှု ရှိရန်နှင့် သတ်မှတ်ကာလအတွင်း အသား ထုတ်လုပ်သွားနိုင်ရန် လိုကြောင်း၊ အောင်မြင်ပြီးဖြစ်သည့် ဝက်မွေးမြူရေး လုပ်ငန်းများ၏ လုပ်ငန်းစနစ်များကိုလည်းလေ့လာ၍ သုတေသနပြု ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မျိုးထုတ်လုပ်မှုစနစ်၊ မွေးမြူမှုစနစ်၊ အစာကျွေးမွေးမှုစနစ်၊ အသားထုတ်လုပ်မှုစနစ်တို့ကို စနစ်တကျဖြင့် စီမံချက်ရေးဆွဲဆောင်ရွက်သွားရန်လိုပြီး စဉ်ဆက်မပြတ်သည့် မွေးမြူထုတ်လုပ်မှုစနစ်ဖြစ်စေရေး စနစ်တကျ စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုထက် တိုးချဲ့မွေးမြူနိုင်ရေး အတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်နှံ့ကြားသည်။

အမှတ်(၁) ကံကြီးမွေးမြူရေးဇုန်

ယင်နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် အမှတ်(၁) ကံကြီးမွေးမြူရေးဇုန်အတွင်းရှိ ဦးတွမ်ခင်ဝင်း၏ ဖန်ဟွ နွံစားနွားမွေးမြူရေးခြံသို့ ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးတွမ်ခင်ဝင်းက နွံစားနွားနှင့် နွားသားပေါက် မွေးမြူထားရှိမှု၊ ဒေသထွက်ကုန်ကြမ်းများ အသုံးပြု၍ တိရစ္ဆာန်အစာ ထုတ်လုပ်ကျွေးမွေးမှု၊ နို့ချက်စက်ရုံနှင့် ဒိန်ချဉ်စက်ရုံ လည်ပတ်လျက်ရှိမှု တို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက နွံစားနွားမွေးမြူခြင်းပုံစံနှင့် ပတ်သက်၍ ပြည်ပနိုင်ငံများမှ မွေးမြူခြင်းပုံစံများကိုလည်း လေ့လာသွားကြရန်လိုပြီး အစာရေစာကျွေးမွေးမှုစနစ်၊ အညစ်အကြေးသိမ်းဆည်းမှုစနစ်များကိုလည်း လေ့လာဆောင်ရွက်သွားရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် အညစ်အကြေးများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် လျှပ်စစ်ဓာတ်အားခ သက်သာစေရေးအတွက် အညစ်အကြေးအား ပြန်လည်သိုလှောင်၍ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးထုတ်လုပ်သုံးစွဲမှုစနစ် (Biogas Generator System)ကိုလည်း ဆောင်ရွက်၍ ရနိုင်ကြောင်း၊ အစာထုတ်လုပ်မှုနှင့် ပတ်သက်၍လည်း နေဗီယာမြက်များ၊ ဒေသတွင်းမှ ထွက်ရှိသည့် ပြောင်းများကို ရောစပ်အစာပြုလုပ်ခြင်း၊ ချဉ်ဖတ်လုပ်၍ ကျွေးမွေးခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်နှံ့ကြားသည်။

ဆက်လက်၍ ဦးမြတ်စံ၏ ကြက်မွေးမြူရေးခြံသို့ ရောက်ရှိကြပြီး အသားတိုးကြက်နှင့် ဥစားကြက် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းရှင် ဦးမြတ်စံက လိုက်လံရှင်းလင်း တင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လုပ်ငန်း ဆောင်ရွက်မှုများအား အဆင့်ဆင့် အဆင့်မြှင့်တင်သွားရန်လိုပြီး အလိုအလျောက် အစာကျွေး၊ ရေတိုက်၊ ဥသိမ်းဆည်းခြင်း စနစ်တို့ကို ဆောင်ရွက်သွားနိုင်ကြောင်း၊ ဥစားကြက်မွေးမြူခြင်းသည် စားရေရိက္ခာပေါများစေခြင်းနှင့် ဈေးနှုန်းသက်သာစွာဖြင့် အာဟာရပြည့်မီစွာ စားသုံးနိုင်စေခြင်းတို့ကို အထောက်အကူဖြစ်စေကြောင်း၊ ကြက်ဥတစ်လုံးစားသုံးခြင်း၏ အစာအာဟာရရရှိမှုသည် ကြက်သား ငါးကျပ်သားစားသုံးခြင်း၏ အာဟာရနှင့် ညီမျှသည်ဖြစ်ပြီး ကုန်ကျစရိတ်အရဖြင့်လည်း သုံးပုံတစ်ပုံခန့် သက်သာစေကြောင်း၊

စာမျက်နှာ ၄ သို့ »»»



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တပ်ကုန်းမြို့နယ် အမှတ်(၁) ကံကြီးမွေးမြူရေးဇုန်အတွင်းရှိ ကြက်မွေးမြူရေးခြံ၌ အသားတိုးကြက်နှင့် ဥစားကြက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

- **ပြည်ပနိုင်ငံများမှ မွေးမြူခြင်းပုံစံများကိုလည်း လေ့လာသွားကြရန်လိုပြီး အစာရေစာကျွေးမွေးမှု စနစ်၊ အညစ်အကြေးသိမ်းဆည်းမှု စနစ်များကိုလည်း လေ့လာဆောင်ရွက်သွားရန်လို**
- **မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် အညစ်အကြေးများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် လျှပ်စစ်ဓာတ်အားခ သက်သာစေရေးအတွက် အညစ်အကြေးအား ပြန်လည်သိုလှောင်၍ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးထုတ်လုပ်သုံးစွဲမှုစနစ် (Biogas Generator System)ကိုလည်း ဆောင်ရွက်၍ရနိုင်**
- **အစာထုတ်လုပ်မှုနှင့် ပတ်သက်၍လည်း နေဗီယာမြက်များ၊ ဒေသတွင်းမှ ထွက်ရှိသည့် ပြောင်းများကို ရောစပ်အစာပြုလုပ်ခြင်း၊ ချဉ်ဖတ်လုပ်၍ ကျွေးမွေးခြင်းတို့ကို ဆောင်ရွက်နိုင်**

»»» စာမျက်နှာ ၃ မှ

ထို့ကြောင့် လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်အောင် ဆောင်ရွက်သွားရန်နှင့် တိုးချဲ့ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ ကြက်ခြံများ အပူရှိန်သက်သာစေရေးအတွက် အမိုးနေရာတွင် အုတ်ကြွပ်များကိုလည်း ပြောင်းလဲအသုံးပြုနိုင်ကြောင်းနှင့် အခြားလိုအပ်သည်များကို အကြံပြုတိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးတင်မြိုင်၏ အသားတိုးဝက်ခြံသို့ ရောက်ရှိပြီး လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လိုက်လံရှင်းလင်းတင်ပြပြီး နိုင်ငံတော်သမ္မတက သိရှိလိုသည်များနှင့် လိုအပ်သည်များ ပြန်လည်အကြံပြု မှာကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေမြို့မွေးမြူရေးဇုန်အတွင်းရှိ နယ်မြေခံတပ်ရင်း ဝက်မွေးမြူရေးခြံ၌ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားစဉ်။

ထို့နောက် ရှင်းလင်းဆောင်ခန်းမတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်းက နေပြည်တော်ကောင်စီ နယ်မြေအတွင်း၌ ကံကြီးမွေးမြူရေးဇုန်၊ ရွှေမြို့မွေးမြူရေးဇုန်၊ ပြောင်ခေါင်းကြီး မွေးမြူရေးဇုန် တို့အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ဇုန်အလိုက်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ သတ်မှတ်ကောင်ရေ ပြည့်မီအောင် မွေးမြူနိုင်ရေး၊ ကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိမှု၊ မေထုန်မှီနည်းဖြင့် မျိုးမြွှင့်ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းသည် အသား၊ ငါးများနှင့် ဥအမျိုးမျိုးတို့အား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရန်၊ စားရေရိက္ခာ ဖူလုံပေါများစေရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရန် မြေနေရာရယူထားကြသည့် လုပ်ငန်းရှင်များအနေဖြင့် လည်း လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ သိပ္ပံနည်းကျခေတ်မီ မွေးမြူရေးစနစ်သို့ မလျှောက်လှမ်းနိုင်မီ စနစ်ကျနသည့် မွေးမြူရေး စနစ်ကို ဦးစွာကျင့်သုံးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခု မွေးမြူရေး လုပ်ငန်းများသည် တိရစ္ဆာန်များအား ခြံများအတွင်း လောင်၍ မွေးမြူကြသည်ဖြစ်သဖြင့် သန့်ရှင်းသပ်ရပ်သည့် အစာကျွေးမွေးမှုစနစ်၊ ကျန်းမာရေး စောင့်ရှောက်မှုစနစ်တို့ကို ဦးစွာအကောင်အထည်ဖော်ဆောင်ကြရန်လိုကြောင်း။

မွေးမြူရေးစနစ်များတွင် လွတ်ခြင်း၊ လှန်ခြင်း၊ လောင်ခြင်းဟူ၍ ရှိကြောင်း၊ စားကျက်များအတွင်း လွတ်၍ မွေးမြူခြင်းဖြင့် စရိတ် သက်သာကြောင်း၊ ကြိုးဖြင့်ချည်၍ လှန်ကျောင်းသည့် စနစ်ဖြင့် မွေးမြူခြင်းသည်လည်း အထိုက် အလျောက်အားဖြင့် စရိတ် သက်သာမှုရှိကြောင်း၊ လောင်၍ မွေးမြူခြင်းမှာ စရိတ်ကုန်ကျမှု ရှိသော်လည်း စနစ်တကျမွေးမြူ မည်ဆိုပါက အောင်မြင်သည့် မွေးမြူရေး လုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ယခုကံကြီးမွေးမြူရေးဇုန်၊ ရွှေမြို့မွေးမြူရေးဇုန်၊ ပြောင်ခေါင်းကြီးမွေးမြူရေးဇုန် မြေနေရာများသည် တိရစ္ဆာန်အစာများ ပေါများစွာရရှိနိုင်သည်ဖြစ်သဖြင့် မွေးမြူရေးဇုန်များ သတ်မှတ်မွေးမြူစေခြင်းဖြစ်ပြီး လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် အစာရရှိနိုင်မှု၊ ဈေးကွက်ရရှိနိုင်မှုတို့ကို ထည့်သွင်းတွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးကုန်ကြမ်းများဖြင့် တိရစ္ဆာန်အစာများကို ထုတ်လုပ်ကျွေးမွေးခြင်းနှင့် စားသုံးမှုဖူလုံအောင် မွေးမြူထုတ်လုပ်ပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျော့ကျစေနိုင်မည် ဖြစ်ကြောင်း။

နို့စားနွား မွေးမြူခြင်းနှင့် ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် နို့နှင့်နို့ထွက်ပစ္စည်းများကို နှစ်စဉ် ပြည်ပမှ ပမာဏများစွာတင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများစွာ ကုန်ကျသုံးစွဲနေကြရကြောင်း၊ မိမိတို့ နိုင်ငံအတွင်း လုံလောက်မှုရှိ အောင် ထုတ်လုပ်နိုင်မည်ဆိုပါက တင်သွင်းမှုကို လျော့ချနိုင်မည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ဒိန်ချဉ်ကိုသာ ထုတ်လုပ်နေကြသည်ကို တွေ့မြင်ရပြီး အများစုသုံးစွဲကြသည့် နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်တို့ကို အလုံအလောက်ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ အာဟာရပြည့်မီစွာနှင့် ဈေးနှုန်းသက်သာစွာ စားသုံးနိုင်ရေးအတွက် နို့နှင့် ကြက်ဥတို့ကို အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေနှင့် နိုင်ငံတော်အတွက် အထောက်အကူဖြစ်စေသည့် လုပ်ငန်းရပ်များဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်သည်ဖြစ်စေ၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်သည်ဖြစ်စေ မျိုး၊ မြေ၊ ရေနည်းတည်းဟူသောမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်း၊ မွေးမြူခြင်း၊ မြေကို စနစ်တကျပြုပြင်စိုက်ပျိုးသကဲ့သို့ စနစ်ကျသည့် မွေးမြူရေးစနစ်ဖြစ်အောင် ဆောင်ရွက်ခြင်း၊ ရေအပြည့်အဝရရှိအောင် ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်၊ မွေးနည်းစနစ်များ ကောင်းမွန်စေခြင်းတို့ဖြင့် လုပ်ငန်းများ အောင်မြင်စေမည် ဖြစ်ကြောင်း၊ မွေးမြူရေးဇုန်များအတွင်း ကုန်ထုတ်လမ်းများ ကောင်းမွန်မှုရှိစေရေး စီစဉ်ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ မွေးမြူရေးဇုန်များ အလိုက် လုပ်ငန်းရပ်များအလိုက် ခြံစည်းရိုး စနစ်တကျကာရံခြင်း ချုံနွယ်များ ရှင်းလင်းခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းများကိုလည်း စနစ်တကျ ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

○ သိပ္ပံနည်းကျ ခေတ်မီမွေးမြူရေးစနစ်သို့ မလျှောက်လှမ်းနိုင်မီ စနစ်ကျနသည့် မွေးမြူရေးစနစ်ကို ဦးစွာကျင့်သုံးဆောင်ရွက်သွားကြရန်လို

○ ဒေသတွင်းမှထွက်ရှိသည့်စိုက်ပျိုးရေးကုန်ကြမ်းများဖြင့် တိရစ္ဆာန်အစာများကို ထုတ်လုပ်ကျွေးမွေးခြင်းနှင့် စားသုံးမှုဖူလုံအောင် မွေးမြူထုတ်လုပ်ပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျော့ကျစေနိုင်မည်

ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးကို ပြည်သူလူထုပါဝင်သော လှုပ်ရှားမှုအသွင်ဖြင့်ဆောင်ရွက်နေမှု ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၄

ကျန်းမာရေး ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး၌ မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးကို ပြည်သူလူထုပါဝင်သောလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် မရမ်းကုန်းမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရန် ခြင်ကျားပိုးလောက်လမ်းနှိမ်နင်းရန်အတွက် (ဖုံး၊ သွန်၊ လဲ၊ စစ်)လုပ်ငန်းများ၊ ခြင်လောက်လမ်း သေဆေး(အဘိတ်)ခတ်ခြင်းလုပ်ငန်းများ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်စေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ၊ ကျန်းမာရေး အသိပညာမျှဝေခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် မရမ်းကုန်းမြို့နယ်အမှတ်(၁)ရပ်ကွက် မိုးကောင်းမွှာရုံ၌ သန်လျင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ မျက်စိရောဂါအထူးကု ဆေးရုံကြီး(ရန်ကုန်)မှ ဆေးရုံအုပ်ကြီးနှင့် မျက်စိရောဂါ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများက ဉာဏ်ရည်တု(AI) နည်းပညာသုံး မျက်စိစမ်းသပ် စစ်ဆေးပေးမှုတို့ကိုသွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကဝမြို့နယ်၌ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

ကဝ မေ ၂၄

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မေ ၁၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းက ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်လွှာများကို သက်ဆိုင်ရာဌာနမှတာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရဲဇော်ဟိန်း(ပြန်/ဆက်)



❐ ကျောထိုးမှ

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညီစောက မြန်မာ – အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ခင်ရင်းနှီးသောဆက်ဆံရေးကိုအခြေပြု၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အကြီးအကဲ၏ ခွင့်ပြုမှုနှင့် အိန္ဒိယသံရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ၌ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့တွင် အပြည်ပြည်ဆိုင်ရာယောဂနေ့ အခမ်းအနားများကို မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ယခုနှစ်တွင် ယခင်နှစ်များကဲ့သို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပရိဝုဏ်တွင် အောင်မြင်ပြည့်စုံစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခု ၂၀၂၆ ခုနှစ် ယောဂနေ့ အစီအစဉ်၏ဆောင်ပုဒ်မှာ “ကျန်းမာသုခ၊ ဉာဏ်ပညာနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ယောဂ” (Yoga for Wellness, Wisdom, and World Peace) ဖြစ်ကြောင်း သိရှိရပြီး စစ်မှန်သော ကျန်းမာသုခအဓိပ္ပာယ်မှာ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုသာမက စိတ်ကြည်လင်ရှင်းလင်းမှု၊ ကရုဏာစိတ်ထားဆောင်သောအပြုအမူများနှင့် လူအချင်းချင်းနှင့် နိုင်ငံများအကြား ငြိမ်းချမ်းသော ဆက်ဆံရေးရှိမှုတို့လည်း အပါအဝင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာယောဂနေ့ကို ယခုကဲ့သို့ နှစ်စဉ်ဆက်လက် ကျင်းပလာနိုင်ခြင်းသည် မိမိတို့နှစ်နိုင်ငံအကြား ပိုမိုရင်းနှီးနွေးထွေးသော ဆက်ဆံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အပြန်အလှန်နားလည်တန်ဖိုးထားမှုတိုးတက်လာခြင်းကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများက အိန္ဒိယနိုင်ငံသံရုံး ဆွာမီ ဗီဗီခန်နန်ဒါ ယဉ်ကျေးမှုစင်တာမှ ယောဂနည်းပြ နှင့်အတူ ယောဂသရုပ်ပြစုပေါင်းလေ့ကျင့်ခြင်းကို ဆောင်ရွက်ကြပြီး ဆွာမီ ဗီဗီခန်နန်ဒါ ယဉ်ကျေးမှုစင်တာမှ ညွှန်ကြားရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုး၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ (၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ် ယောဂသရုပ်ပြ စုပေါင်းလေ့ကျင့်ခြင်းအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ် အဖြစ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း သတ်မှတ်နေရာ၌ ကုံကော်ပင်ကို အတူတကွ စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ယောဂဟာ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာအကြား ဟန်ချက်ညီမှု၊ အတွေးအခေါ်နဲ့ အပြုအမူတို့မှာ စည်းကမ်းရှိမှု၊ တစ်ဦးတစ်ယောက်ချင်းစီနဲ့ လူ့အဖွဲ့အစည်းအကြား သဟဇာတဖြစ်မှုကို ကိုယ်စားပြုပါတယ်

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur



“ကျန်းမာသုခ၊ ဉာဏ်ပညာနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး အတွက် ယောဂ” (Yoga for Wellness, Wisdom, and World Peace) ဆောင်ပုဒ်ဖြင့် ၂၀၂၆ ခုနှစ် (၁၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ အထိမ်းအမှတ် ယောဂသရုပ်ပြ စုပေါင်းလေ့ကျင့်ခြင်း အခမ်းအနားကို မေ ၂၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော်ဒဂ္ဂီဏသိရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဥယျာဉ်တော်အတွင်း ရေပန်းရင်ပြင်၌ ကျင်းပသည်။

“အပြည်ပြည်ဆိုင်ရာ ယောဂနေ့ အထိမ်းအမှတ် အစီအစဉ်ထဲမှာ တစ်ခုအပါအဝင်အဖြစ် ယောဂသရုပ်ပြလေ့ကျင့်ခြင်း အစီအစဉ်ကို နေပြည်တော်ရဲ့ အထင်ကရ နေရာဖြစ်တဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်မှာ ဒီနေ့ အိန္ဒိယသံရုံးနဲ့ မြန်မာနိုင်ငံ အစိုးရတို့ အတူတကွကျင်းပခွင့် ရတဲ့အတွက် ကျွန်တော့်အနေနဲ့ အထူးဝမ်းမြောက် ဂုဏ်ယူမိပါတယ်”ဟု မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur က ပြောကြားသည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ အဖွဲ့ဝင် ၁၉၃ နိုင်ငံက အဆိုထောက်ခံခဲ့ပြီး နိုင်ငံပေါင်း ၁၇၇ နိုင်ငံက ပူးပေါင်းဆောင်ရွက်မည်ဟု ကတိပြုခဲ့သည့် အတွက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

“မြန်မာနိုင်ငံအစိုးရနဲ့ နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေ့ကျင်းပတဲ့ အခမ်းအနားကို အထူးဧည့်သည်တော်အဖြစ် တက်ရောက်ပေးတဲ့ ဒုတိယသမ္မတ ဦးညီစော၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ ဟိုတယ်၊ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန တို့က ပြည်ထောင်စုဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေ၊ တာဝန်ရှိသူတွေ၊ ယောဂ ဝါသနာရှင်တွေကို



ကျွန်တော့်အနေနဲ့ အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်” ဟု အိန္ဒိယနိုင်ငံသံအမတ်ကြီးက ပြောကြားသည်။

“ယောဂရဲ့ အထူးထင်ရှားတဲ့ အချက်ကတော့ ဟိန္ဒီ (Hindi) လို ယိုး(ဂ်)လို့သုံးပြီး အင်္ဂလိပ်လို ယောဂလို့ အသံထွက်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ယိုး(ဂ်)လို့ အသံထွက်ပါမယ်။ သူ့ရဲ့ အဓိပ္ပာယ်က စုစည်းညီညွတ်မှု ဖြစ်ပါတယ်။ ယောဂဟာ ကာယလေ့ကျင့်ခန်းတစ်ခုထက် များစွာပိုမိုပါတယ်။ ယောဂဟာ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာအကြား ဟန်ချက်ညီမှု၊ အတွေးအခေါ်နဲ့ အပြုအမူတို့မှာ စည်းကမ်းရှိမှု၊ တစ်ဦး တစ်ယောက်ချင်းစီနဲ့ လူ့အဖွဲ့အစည်းအကြား သဟဇာတဖြစ်မှုကို ကိုယ်စားပြုပါတယ်။ ဒီနေ့ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာယောဂနေ့မှာ အတူတကွ ဆင်နွှဲကျရင်း ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းကြားမှာ ဟန်ချက်ညီမှု၊ကရုဏာတရားနဲ့ အတူယှဉ်တွဲနေထိုင်ခြင်းတို့ကို ထပ်လောင်းအတည်ပြုရင်း ယောဂရဲ့ စိတ်ဓာတ်ဖြစ်တဲ့ လူသားတွေအကြား ညီညွတ်မှု၊ စည်းလုံးမှုနဲ့ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတွေကို ဆက်လက်လှုံ့ဆော်ပေးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်” ဟု ၎င်းက ဆက်လက် ပြောကြားသည်။ **သတင်းစဉ်**



ကွမ်းခြံကုန်းမြို့နယ်၌ ရွှေဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲ ကျင်းပ

ကွမ်းခြံကုန်း မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် KG နှင့် Grade-1 သင်ပြနည်းစနစ်နှင့် မူကြို၊သင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက အထက(၁) သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးရဲတင့်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်အေးသန္တာစိုးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုရရှိသည့် သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဆွေနွယ်(ပြန်/ဆက်)**

ဥပဒေရေးရာဝန်ကြီးဌာန၏ စီမံကိန်းဆောင်ရွက်မည့်အစီအမံများ ရှင်းလင်းဆွေးနွေး

ပုသိမ် မေ ၂၄

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များမှ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားတိုင်း ဥပဒေအကာအကွယ်ကို အညီအမျှရရှိရေးဆိုင်ရာများနှင့် ဥပဒေရေးရာဝန်ကြီးဌာန၏ စီမံကိန်းဆောင်ရွက်မည့် အစီအမံများ အပေါ် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများနှင့် ခရိုင်ဥပဒေအရာရှိများအား ရှင်းလင်းဆွေးနွေးမှာကြားခြင်း ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး၌ ပြုလုပ်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်လွင်က အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားကာ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်ခင်မေဝင်းက ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး



နှင့် ဒုတိယရှေ့နေချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၏ လမ်းညွှန်မှာကြားချက်များကို ခရိုင်ဥပဒေအရာရှိများက ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ရပ်စောက်မြို့နယ်၌ ပျားမွေးမြူရေးသင်တန်းဖွင့်လှစ်



ရပ်စောက် မေ ၂၄


ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ပျားမွေးမြူမှုဖွံ့ဖြိုးရေး တာဝန်ခံရုံးအနေဖြင့် ပြည်သူတိုးချဲ့ ပညာပေးသင်တန်းကို မေ ၂၁ ရက်က မြို့ဦးရပ်ကွက်၌ ဖွင့်လှစ်ခဲ့ရာ မြို့နယ်တာဝန်ခံ ဦးလွင်အေးက ပျားမွေးမြူရေးအကြောင်း သိကောင်းစရာများနှင့် ပျားမွေးမြူခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများ၊ ပျားတို့၏ ဝတ်မှုန်ကူးခြင်းဖြင့် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းတိုးတက်စေခြင်းတို့ကို အသိပညာပေးရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းတွင် သင်တန်းသူ သင်တန်းသား ၂၀ ဖြင့် မေ ၂၅ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မြို့ပြအလှ၊ မြို့ပြရန်ုနှင့် အမှိုက်ကင်းစင်သော Green City တည်ဆောက်ရေး

လူသားတို့၏ လူနေမှုစနစ်သည် ကျေးလက်မှသည် မြို့ပြသို့ တဖြည်းဖြည်း ကူးပြောင်းလာခဲ့ကြရာ ယနေ့ကမ္ဘာတွင် မြို့ပြများသည် နိုင်ငံတစ်ခု၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဗဟိုချက်များ ဖြစ်လာခဲ့သည်။ မြို့ပြတစ်ခု၏ ဂုဏ်သိက္ခာကိုတိုင်းတာရာတွင် ခန့်ညားထည်ဝါသော အဆောက်အအုံများ၊ ကျယ်ပြောသော လမ်းမကြီးများဖြင့်သာမက ထိုမြို့ပြ၏ သန့်ရှင်းသပ်ရပ်မှု၊ လတ်ဆတ်သောလေထုနှင့် စနစ်ကျသော အမှိုက်သိမ်းဆည်းမှုစနစ်တို့အပေါ်တွင်လည်း များစွာမူတည်နေပါသည်။ "မြို့သာယာမှ လူကျန်းမာမည်" ဆိုသည့်အတိုင်း မြို့ပြအလှနှင့် မြို့ပြရန်ုကို ထိန်းသိမ်းခြင်းသည် မြို့နေပြည်သူတို့၏ လူနေမှုအဆင့်အတန်းကို ဖော်ပြနေခြင်းပင်ဖြစ်ပါသည်။

မောင်စည်ပင်(နေပြည်တော်)

မြို့ပြအလှဆိုသည်မှာ ပန်းခြံများ၊ လမ်းဘေး ဝဲယာရှိ သစ်ပင်ပန်းမန်များ သာယာလှပနေရုံမျှ မကဘဲ မြို့ပြ၏ အင်္ဂါရုပ်များကို အမှိုက်သရိုက်များက ဖုံးလွှမ်းမနေစေရန် တားဆီးခြင်းလည်း ဖြစ်ပါသည်။ စနစ်မဲ့စွန့်ပစ်ထားသော အမှိုက်များသည် မြို့ပြ၏ အလှအပကို ဖျက်ဆီးရုံသာမက လမ်းသွားလမ်းလာ ပြည်သူများအတွက် စိတ်အနှောင့်အယှက်ဖြစ်စေ ပါသည်။ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် လမ်းမကြီးများပေါ်တွင် အမှိုက်များကင်းစင်နေစေ ရန် နေ့စဉ်လှည်းကျင်းခြင်း၊ ရေနုတ်မြောင်းများ အတွင်း ပိတ်ဆို့နေသောအမှိုက်များကို ဖယ်ရှား ခြင်းတို့ဖြင့် မြို့ပြ၏ရုပ်ပိုင်းဆိုင်ရာ အလှအပကို ထိန်းသိမ်းပေးနေရပါသည်။



အမှိုက်သိမ်းယာဉ်နှင့် အမှိုက်ပုံကြိုးများတွင် GPS စနစ်၊ Sensors များ တပ်ဆင်အသုံးပြုပုံ။

ရန်ုကောင်းသောမြို့ပြ

မြို့ပြရန်ုဆိုသည်မှာ မြို့ပြအတွင်းရှိ လေထု အရည်အသွေးကို ဆိုလိုခြင်းဖြစ်ပါသည်။ အမှိုက်များ အချိန်မီ မသိမ်းဆည်းနိုင်ခြင်း၊ ပုပ်သိုးအမှိုက်များ လမ်းဘေးတွင် ပုံနေခြင်းတို့သည် အန့်ဆိုးများကို ဖြစ်ပေါ်စေပြီး မြို့ပြ၏ဂုဏ်သိက္ခာကို ကျဆင်းစေပါ သည်။ ထိုအန့်ဆိုးများက စိတ်ပိုင်းဆိုင်ရာ မကြည်လင်မှုကို ဖြစ်စေရုံသာမက ရောဂါပိုးမွှားများ ပြန့်ပွားရာ အရင်းအမြစ်လည်းဖြစ်လာပါသည်။ ထို့ကြောင့် **"ရန်ုကောင်းသောမြို့ပြ"** တစ်ခုဖြစ်ရန် အတွက် အမှိုက်များကို စုပုံမထားဘဲ အချိန်နှင့် တစ်ပြေးညီ ဖယ်ရှားနိုင်သည့်စနစ်တစ်ခုသည် မရှိ မဖြစ်လိုအပ်ပါသည်။

ယနေ့ခေတ်တွင် လူဦးရေထူထပ်လာမှုနှင့်အတူ အမှိုက်ထွက်ရှိမှုပမာဏသည်လည်း တစ်နှစ်ထက် တစ်နှစ် မြင့်မားလာပါသည်။ ပလတ်စတစ်သုံးစွဲမှု များပြားလာခြင်း၊ အမှိုက်ခွဲခြား စွန့်ပစ်မှုအားနည်း ခြင်းနှင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းတို့သည် အဓိကစိန်ခေါ်မှုများဖြစ်ပါသည်။ အထူးသဖြင့် စားသောက်ကုန်လုပ်ငန်းများ၊ ဈေးများနှင့် လူစည်ကားရာနေရာများတွင် ထွက်ရှိသော အမှိုက် များကို စနစ်တကျစွန့်မိနိုင်ပါက မြို့ပြ၏ ရေစီး ရေလာစနစ်ကိုပါ ထိခိုက်စေပြီး မိုးရာသီတွင် ရေကြီး ရေလျှံမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။

အမှိုက်ကင်းစင်သော မြို့ပြတစ်ခုဖြစ်ရန် အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြည်သူများအနေဖြင့် အမှိုက်ကို စနစ်တကျထုပ်ပိုး၍ သတ်မှတ်ချိန်၊ သတ်မှတ်နေရာတွင် စွန့်ပစ်ခြင်း၊ စည်ပင်သာယာရေးအဖွဲ့များက ခေါင်းလောင်းတီးစနစ် သို့မဟုတ် အမှိုက်ပုံးစနစ်ဖြင့် အချိန်မီ သိမ်းဆည်းခြင်းနှင့် သိမ်းဆည်းရမိသော အမှိုက်များကို သတ်မှတ်ထားသော အမှိုက်ကန်ကြီးများသို့ ပို့ဆောင်၍ မြေမြှုပ်ခြင်း သို့မဟုတ် မီးရှို့ဖျက်ဆီးခြင်းတို့ကို ပတ်ဝန်းကျင်မထိခိုက်အောင် ဆောင်ရွက်ရပါသည်။

ဒေသတွင်းနိုင်ငံများ၏ မြို့ပြသန့်ရှင်းရေးနှင့် အမှိုက်စီမံခန့်ခွဲမှု ဖြစ်ရပ်များကို လေ့လာရာတွင် ဗန်ကောက်စည်ပင် (BMA) သည် အမှိုက်သိမ်းယာဉ် များတွင် GPS စနစ် တပ်ဆင်ရုံတင်မကဘဲ အမှိုက်ပုံ ကြိုးများတွင် Sensors များတပ်ဆင်ကာ အမှိုက် ပြည့်/မပြည့်ကိုစောင့်ကြည့်ပြီး ပြည်သူများအတွက် "BKK Connect" Mobile App ကို အသုံးပြုစေပြီး မိမိတို့ရပ်ကွက်အတွင်း အမှိုက်မသိမ်းရသေးပါက ဓာတ်ပုံရိုက်၍ တိုင်ကြားနိုင်သည့်စနစ်ကို ကျင့်သုံး ပါသည်။ **ထိုသို့နည်းပညာကို အသုံးပြု၍ ပြည်သူနှင့် အုပ်ချုပ်ရေးအဖွဲ့ အစည်းကြား တိုက်ရိုက်ထိတွေ့မှု ဖန်တီးခြင်းသည် မြို့ပြသန့်ရှင်းရေးကို ပိုမိုမြန်ဆန် စေကြောင်း တွေ့ရှိရပါသည်။**

မျိုးဆက်သစ်လူငယ်များ၏ အလေ့အထကို ပြောင်းလဲပေးခြင်း

ဗီယက်နမ်နိုင်ငံ၏ အသန့်ရှင်းဆုံးမြို့ဟု တင်စား ရသော ဒါနန်း (Da Nang) မြို့သည် အမှိုက်ကင်းစင် ရေးတွင် ပြည်သူ့အားကို ထိရောက်စွာအသုံးချပါ သည်။ ဒါနန်းမြို့သည် **"Environmental City"** မူဝါဒကိုချမှတ်ကာ အိမ်ထောင်စုတိုင်းကို အမှိုက် ခွဲခြားစွန့်ပစ်ရန် တင်းကျပ်သောစည်းကမ်းများ ထုတ်ပြန်ထားပါသည်။ ထူးခြားချက်မှာ ကျောင်းနေ ကလေးငယ်များကို **"အမှိုက်မှဌေးဖေါ်ခြင်း"** အစီအစဉ်များဖြင့် ငယ်စဉ်ကတည်းက အမှိုက်ခွဲခြား တတ်အောင် လေ့ကျင့်ပေးခြင်းဖြစ်ပါသည်။ အိမ်တွင်းထွက် ပုပ်သိုးအမှိုက်များကို သဘာဝ မြေဩဇာပြုလုပ်ရန် စည်ပင်က နည်းပညာနှင့် ကိရိယာများ ထောက်ပံ့ပေးပါသည်။ ထို့ကြောင့် **မြို့ပြအလှကို ထိန်းသိမ်းရာတွင် အုပ်ချုပ်ရေးအဖွဲ့၏ စီမံခန့်ခွဲမှုသာမက မျိုးဆက်သစ်လူငယ်များ၏ အလေ့အထကို ပြောင်းလဲပေးခြင်းက ရေရှည် တည်တံ့သော အောင်မြင်မှုကို ရရှိစေပါသည်။**

တရုတ်နိုင်ငံ၏ စီးပွားရေးအချက်အချာဖြစ်သည့် ရှန်ဟိုင်းမြို့သည် ၂၀၁၉ ခုနှစ်မှစ၍ ကမ္ဘာ့အဆင့်မီ တင်းကျပ်သော အမှိုက်စီမံခန့်ခွဲမှုစနစ်ကို စတင်ခဲ့ပါ သည်။ အမှိုက်ကို အမျိုးအစားလေးမျိုး မီးဖိုချောင် အမှိုက်၊ အကြွင်းကျန်အမှိုက်၊ ပြန်လည်အသုံးပြုနိုင် သောအမှိုက်နှင့် အန္တရာယ်ရှိအမှိုက်ဟူ၍ မဖြစ်မနေ ခွဲခြားရပါသည်။ အကယ်၍ စနစ်တကျမခွဲခြားဘဲ စွန့်ပစ်ပါက လူပုဂ္ဂိုလ်ဖြစ်စေ၊ ကုမ္ပဏီဖြစ်စေ ကြီးလေးသော ဒဏ်ငွေများချမှတ်ပါသည်။ ထို့ပြင် AI နည်းပညာသုံးကင်မရာများကို အသုံးပြု၍ စည်းကမ်းမဲ့အမှိုက်ပစ်သူများကို စောင့်ကြည့် အရေးယူပါသည်။ ထို့ကြောင့် မြို့ပြတစ်ခု အမှိုက် ကင်းစင်ရန်အတွက် ပညာပေးရုံတင်မကဘဲထိရောက် ပြီး တင်းကျပ်သောဥပဒေစိုးမိုးမှုသည်လည်း မရှိမဖြစ်လိုအပ်ကြောင်း သင်ခန်းစာရရှိစေပါသည်။

"အမှိုက်သည်ရတနာ" ဟူသော ဆောင်ပုဒ် အတိုင်း အမှိုက်အားလုံးကို စွန့်ပစ်စရာအဖြစ် မမြင်ဘဲ ပြန်လည်အသုံးချနိုင်သည့် နည်းလမ်းများ ကို ဖော်ဆောင်သင့်ပါသည်။ Recycle အနေဖြင့် ပလတ်စတစ်၊ စက္ကူနှင့် သံတို့သံစများကို ပြန်လည် အသုံးချခြင်း၊ Composting အနေဖြင့် ဟင်းသီး ဟင်းရွက်နှင့် သစ်သီးခွံများကဲ့သို့ ပုပ်သိုးလွယ်သော အမှိုက်များကို သဘာဝမြေဩဇာအဖြစ် ပြောင်းလဲ ခြင်းတို့ဖြစ်ပြီး ယင်းသို့ဆောင်ရွက်ခြင်းဖြင့် အမှိုက် ပုံကြိုးများတွင် စွန့်ပစ်ရမည့်ပမာဏကို လျော့ချနိုင်ပြီး ပတ်ဝန်းကျင်ကို ပိုမိုထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။

မြို့ပြသန့်ရှင်းရေးနှင့် အမှိုက်စီမံခန့်ခွဲမှုကဏ္ဍ တွင် အရှေ့ဥရောပနိုင်ငံများဖြစ်ကြသည့် ရုရှားနှင့် ဘယ်လာရုစ်နိုင်ငံတို့သည် ၎င်းတို့၏ ထူးခြားသော နည်းပညာဖြင့် တိကျစွာထိန်းချုပ်ခြင်းသည် မြို့ပြ အလှကို ရေရှည်တည်တံ့စေကြောင်း တွေ့ရှိရပါ သည်။

ထို့ပြင် ဘယ်လာရုစ်နိုင်ငံသည် အမှိုက်ပြန်လည် အသုံးပြုခြင်းကဏ္ဍတွင် အလွန်စနစ်ကျသော နိုင်ငံ တစ်ခုဖြစ်ပါသည်။ ဘယ်လာရုစ်တွင် အိမ်ထောင်စု တိုင်းသည် အမှိုက်ကို မခွဲခြားဘဲစွန့်ပစ်ခွင့်မရှိပါ။ အထူးသဖြင့် ဖန်ပုလင်း၊ စက္ကူနှင့် ပလတ်စတစ်များ ကို သီးခြားစီ ခွဲထုတ်ရန်အတွက် ရပ်ကွက်တိုင်းတွင် အရောင်ခွဲထားသော အမှိုက်ပုံများကို ထားရှိပေး ပါသည်။ အစိုးရကလည်း ထိုသို့ခွဲခြားစွန့်ပစ်ခြင်း အတွက် အခွန်အခလျှော့ပေါ့ပေးခြင်း သို့မဟုတ် အကျိုးခံစားခွင့်များ ပြန်လည်ပေးအပ်ခြင်းဖြင့် ပြည်သူ့ပူးပေါင်းဆောင်ရွက်မှုကို ဖြင့်တင်ပါသည်။ သိမ်းဆည်းရမိသော ပြန်လည်အသုံးပြုနိုင်သည့် အမှိုက်များကို ပြည်တွင်းရှိ စက်ရုံများသို့ တိုက်ရိုက် ပို့ဆောင်ကာ ကုန်ကြမ်းအဖြစ် ပြန်လည်အသုံးပြုပါ သည်။ ဤသို့ဖြင့် သဘာဝသယံဇာတထုတ်ယူမှုကို လျော့ချရုံသာမက အလုပ်အကိုင် အခွင့်အလမ်းသစ်

"အမှိုက်ကင်းစင်သော မြို့ပြတစ်ခုဖြစ်ရန် အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြည်သူများအနေဖြင့် အမှိုက်ကို စနစ်တကျထုပ်ပိုး၍ သတ်မှတ်ချိန်၊ သတ်မှတ်နေရာတွင် စွန့်ပစ်ခြင်း၊ စည်ပင်သာယာရေးအဖွဲ့များက ခေါင်းလောင်းတီးစနစ် သို့မဟုတ် အမှိုက်ပုံးစနစ်ဖြင့် အချိန်မီသိမ်းဆည်းခြင်းနှင့် သိမ်းဆည်းရမိသော အမှိုက်များကို သတ်မှတ်ထားသော အမှိုက်ကန်ကြီးများသို့ ပို့ဆောင်၍ မြေမြှုပ်ခြင်း သို့မဟုတ် မီးရှို့ဖျက်ဆီးခြင်းတို့ကို ပတ်ဝန်းကျင်မထိခိုက်အောင် ဆောင်ရွက်ရပါသည်

နည်းလမ်းများဖြင့် အောင်မြင်မှုရရှိနေသည်ကို တွေ့ရပါသည်။ သူတို့၏ အတွေ့အကြုံများက ကျွန်တော်တို့ မြန်မာနိုင်ငံ၏ မြို့ပြစီမံကိန်းများ အတွက် များစွာအထောက်အကူပြုနိုင်ပါသည်။ ရုရှားနိုင်ငံ မော်စကိုမြို့တော်တွင် မြို့ပြအမှိုက် ပြဿနာကို ဖြေရှင်းရန်အတွက် ပြုပြင်ပြောင်းလဲမှု များကို ဆောင်ရွက်ခဲ့ပါသည်။ ရုရှားနိုင်ငံသည် အမှိုက်များကို မြေမြှုပ်စွန့်ပစ်မည့်အစား ခေတ်မီ အပူပေးစက်ရုံကြီးများတွင် လောင်စာအဖြစ် အသုံး ပြုကာ တစ်မြို့လုံးအတွက် လိုအပ်သောအပူစွမ်းအင် နှင့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပါသည်။ ဤစနစ်ကြောင့် မြို့ပြအနီးတစ်ဝိုက်တွင် အမှိုက်ပုံ ကြိုးများ ဖြစ်ပေါ်လာမှုကို ထိရောက်စွာတားဆီး နိုင်ခဲ့ပါသည်။

ခစ်ဂျစ်တယ်စောင့်ကြည့်ရေးစနစ် အမှိုက်သိမ်း ယာဉ်များတွင် အဆင့်မြင့်အာရုံခံကိရိယာများနှင့် ကင်မရာများ တပ်ဆင်ထားပြီး ဗဟိုထိန်းချုပ်ရေးခန်း မှနေ၍ အမှိုက်သိမ်းဆည်းမှုအခြေအနေကို အချိန် နှင့်တစ်ပြေးညီ စောင့်ကြည့်ပါသည်။ အကယ်၍ အမှိုက်ပုံးတစ်ခုပြည့်နေသော်လည်း လာရောက် သိမ်းဆည်းခြင်းမရှိပါက တာဝန်ရှိသူကို ချက်ချင်း အရေးယူသည့်စနစ် ကျင့်သုံးပါသည်။ ထို့ကြောင့် အမှိုက်ကို ဝန်ထုပ်ဝန်ပိုးအဖြစ်မမြင်ဘဲ "စွမ်းအင် အရင်းအမြစ်" အဖြစ် ပြောင်းလဲနိုင်ခြင်းနှင့် မျက်နှာ ၇ သို့ ⭘

ဝေါမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဝေါ မေ ၂၄

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ဝေါအရှေ့)၌ မြို့နယ်ရှိ ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး အဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့က ယမန်နေ့ နံနက်ပိုင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းလှိုင်နှင့် ဌာနဆိုင်ရာများက ကျောင်းဝင်းအတွင်း၊ အပြင်ရှိပေါင်းမြက်များရှင်းလင်းခြင်း၊ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အာကာ (ပြန်/ဆက်)



မြိတ်မြို့နယ်၌ မှုခင်းပညာပေးဟောပြော

မြိတ် မေ ၂၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တောင်ရှည်ကျေးရွာတွင် မှုခင်းပညာပေးဟောပြောပွဲကို ယမန်နေ့က တောင်ရှည်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဟောပြောရာတွင် တောင်ရှည်နယ်မြေရဲတပ်ဖွဲ့စခန်း စခန်းမှူး ရဲအုပ် မြင့်ဝမ်က မှုခင်းဖြစ်ပွားမှု၊ ဖော်ထုတ်ဖမ်းဆီးမှု၊ မူးယစ်ဆေးဝါး အန္တရာယ်၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ ပြစ်မှုဖြစ်ဒဏ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မှုခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကျောင်းနေအရွယ်ကလေးများအား လုံးကျောင်းအပ်နှံရေး မြေပြင်စည်းရုံးလှုံ့ဆော်

ဘားအံ မေ ၂၄

ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ယနေ့နံနက်ပိုင်းက အိန္ဒကျေးရွာရွာလယ်လမ်းဆုံတွင် ဖြတ်သန်း သွားလာနေသူများ၊ အိန္ဒကျေးအတွင်း ဈေးရောင်းချနေသူများ၊ ဈေးဝယ်သူများကို ကျောင်းအပ်နှံရေး အစီအစဉ် ဆိုင်ရာများ၊ အခမဲ့ထောက်ပံ့ပေးမည့်အစီအစဉ်များ၊ သိရှိလိုက်နာရမည့်အချက်များ၊ မိဘအုပ်ထိန်းသူ ပြည်သူများသို့မေတ္တာရပ်ခံချက်များပါဝင်သည့် ကျောင်းအပ်နှံရေးလှုံ့ဆော်သည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေ၍ မိမိတို့ပတ်ဝန်းကျင်ရှိကျောင်းနေအရွယ် ကလေးများအား ကျောင်းသို့အပ်နှံ ပညာသင်ကြားပေးကြရန် စည်းရုံးလှုံ့ဆော်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် အိန္ဒကျေးရွာအခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး မေ ၂၅ ရက်မှစ၍ ကျောင်းအပ်လက်ခံနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများ၊ ကျောင်းသား ကျောင်းသူများအား အခမဲ့ထောက်ပံ့ပေးမည့် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ကျောင်းဝတ်စုံ၊ ခဲတံ၊ ဘောပင်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားမှုများကို ကြည့်ရှု စစ်ဆေးကာ အဆိုပါကျောင်း၏ ကျောင်းအုပ်ဆရာကြီးက စွန့်ပစ်ပလတ်စတစ်များမှ တစ်ဆင့် ပေါင်းခံ၍ (ဘိုင်အိုဒီဇယ်) စက်သုံး ဆီထုတ်ယူ၍ တစ်လုံးထိုးဒီဇယ် အင်ဂျင်များတွင် အသုံးပြုနေမှု အခြေအနေများကို ကြည့်ရှု အားပေးပြီး ကျောင်းအုပ်ကြီးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့် သည်။

ယင်းနောက်ပြည်နယ်၏ ခရီးစဉ် ဒေသတစ်ခုဖြစ်သော လွန်းပြ ရေပြာအိုင်ခရိုးစဉ်ဒေသ ဘကိစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသ၏ ခရီးစဉ်ဒေသအသစ်တစ်ခုဖြစ်သော ဘားအံမြို့နယ် လှာကခေါင်အင်းကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



ကမမောင်းမြို့၌ ရေပြင်ရှာဖွေကယ်ဆယ်ရေးနှင့် ရေပြင်မီးငြိမ်းသတ်ရေး သဏ္ဌာန်တူသရုပ်ပြပွဲ ကျင်းပ

ကမမောင်း မေ ၂၄

ကရင်ပြည်နယ် ကမမောင်းမြို့တွင် မေ ၂၂ ရက် နံနက် ၉ နာရီက သံလွင်ဦး မြို့မဈေးရှေ့ စက်လှေဆိပ်၌ ရေပြင်ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးသဏ္ဌာန်တူ သရုပ်ပြပွဲ ပြုလုပ်သည်။

ဦးစွာ ဖာပွန်ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်က မိုးတွင်းကာလ ရေကြီးရေလျှံမှု ဖြစ်ပွားပါက ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ သံလွင်မြစ်ကြောင်း တစ်လျှောက် ကူးသန်းသွားလာ နေသော ခရီးသည်များနှင့် စက်လှေ မောင်းနှင်သူများအား အသက်ကယ်အင်္ကျီများ ဝတ်ဆင်ပြီးမှ သွားလာကြရန်နှင့် မီးလောင်လွယ်သောပစ္စည်းများ သယ်ယူခြင်းကြောင့် မီးလောင်မှုဖြစ်ပွား နိုင်ခြင်း၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သော ရာသီဥတုသတိပေးချက်များကို အလေးထား ဂရုစိုက်လိုက်နာကြရန် အသိပညာပေးပြောကြားသည်။

ဆက်လက်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ ရှာဖွေကယ်ဆယ်ရေး စက်လှေငါးစင်းဖြင့် သံလွင်မြစ်အတွင်း ရေပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဧဝတ်တိုက် လေ့ကျင့်သရုပ်ပြရာ ကမမောင်းမြို့အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



✪ စာမျက်နှာ ၆ မှ

"မိမိ အိမ်ရှေ့၊ မိမိလမ်းသန့်ရှင်းရေး" ကို ကိုယ်စီတာဝန်ယူတတ်သည့်စိတ်ဓာတ်ရှိရန် လိုအပ်ပါသည်။ စည်းကမ်းမဲ့အမှိုက်ပစ်ခြင်းကို ရှောင်ကြဉ်ခြင်း၊ အမှိုက်ကို အမျိုးအစားခွဲခြားစွန့်ပစ်ခြင်းနှင့် ပလတ်စတစ်သုံးစွဲမှုကို လျှော့ချခြင်းတို့သည် မြို့ပြအလှကို ထိန်းသိမ်းရာတွင် အခြေခံအကျဆုံး လုပ်ရပ်များဖြစ်ပါသည်။

ခေတ်မီလာသော ကမ္ဘာကြီးတွင် Smart Waste Management စနစ်များကို အသုံးပြုလာကြပြီဖြစ်ပါသည်။ အမှိုက်ပုံးများတွင် အာရုံခံကိရိယာများ တပ်ဆင်ခြင်း၊ GPS စနစ်ဖြင့် အမှိုက်ကားများကို စောင့်ကြည့်ခြင်းနှင့် Mobile App များမှတစ်ဆင့် တိုင်ကြားစာများကို ဖြေရှင်းခြင်းတို့သည် မြို့ပြသန့်ရှင်းရေးကို ပိုမိုမြန်ဆန်ထိရောက်စေပါသည်။ မြန်မာနိုင်ငံ၏ မြို့ကြီးများတွင်လည်း ဤကဲ့သို့သော နည်းပညာများကို တဖြည်းဖြည်းမိတ်ဆက်အသုံးချခြင်းဖြင့် **"စမတ်စီးတီး (Smart City)"** ဆီသို့ လှမ်းတက်နိုင်မည်ဖြစ်ပါသည်။

မြို့ပြအလှ၊ မြို့ပြရန့်နှင့် အမှိုက်ကင်းစင်သော ပတ်ဝန်းကျင်သည် ကျွန်တော်တို့အားလုံး၏



နည်းပညာနှင့်စက်ကိရိယာများအသုံးပြု၍ အိမ်တွင်းထွက်ပုပ်သိုးအမှိုက်များမှတစ်ဆင့် သဘာဝမြေဩဇာပြုလုပ်ရန်အတွက် ဆောင်ရွက်နေပုံ။

လက်ထဲတွင် ရှိပါသည်။ သန့်ရှင်းသပ်ရပ်သော မြို့ပြတစ်ခုကို တည်ဆောက်ခြင်းသည် ဂုဏ်သိက္ခာရှိသော လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်ခြင်းပင် ဖြစ်ပါသည်။ မြို့ပြသန့်ရှင်းရေးသည် ဝန်ထမ်းများ၏ အလုပ်သက်သက်မဟုတ်ဘဲ မြို့နေလူတန်းစားအားလုံး၏ ယဉ်ကျေးမှုစံနှုန်းတစ်ခုလည်းဖြစ်ပါသည်။ ထို့ကြောင့် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ထိရောက်သောဝန်ဆောင်မှုပေးရန်၊ ပြည်သူများအနေဖြင့် တာဝန်သိစွာပူးပေါင်းဆောင်ရွက်ရန်၊ ခေတ်မီနည်းပညာများကို စနစ်တကျ အသုံးချရန်ပဲဖြစ်သော အချက်သုံးချက်ကို ဟန်ချက်ညီညီ ဆောင်ရွက်ခြင်းဖြင့် နောင်လာနောက်သားများအတွက် သာယာလှပကာ အန့်အသက်ကင်းစင်သော "အစိမ်းရောင်မြို့ပြ" (Green City) ကြီးများကို လက်ဆင့်ကမ်းအမွေပေးနိုင်ကြပါစေကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ရှိငြမ်းကိုးကားစာရင်း

၁။ Bangkok (BMA)၊ Bangkok Smart City Action Plan (2020–2025) – အမှိုက်သိမ်းစနစ်တွင် GPS နှင့် IOT (Internet of Things) အသုံးပြုမှု အကြောင်း။

၂။ Vietnam (Da Nang)၊ Da Nang Environmental City Project – "Environmental City" မူဝါဒနှင့် ပြည်သူလူထုပါဝင်မှု စံပြပုံစံ။

၃။ Shanghai: Shanghai Municipal Solid Waste Management Regulation (2019) – အမှိုက် (၄) မျိုးခွဲခြားခြင်းနှင့်တင်းကျပ်သော ဒဏ်ကြေးစနစ်။

၄။ Russia (Moscow)၊ Ecological Strategy of Moscow to 2030 – အမှိုက်မှ စွမ်းအင် ထုတ်လုပ်ခြင်း (Waste-to-Energy) နှင့် Smart Monitoring စနစ်။

၅။ Belarus: National Strategy for Sustainable Development of the Republic of Belarus – Circular Economy နှင့် ပြန်လည်အသုံးပြုခြင်း (Recycling) မူဝါဒ။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကလောပြည်သူ့ဆေးရုံ သုံးထပ်တိုးချဲ့လူနာဆောင် ဆောက်လုပ်မည့်နေရာ ကြည့်ရှုစစ်ဆေး



ကလော မေ ၂၄

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် ဇနီး၊ ပြည်နယ် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စား လှယ်များသည် ယမန်နေ့က ကလောမြို့ ပြည်သူ့ဆေးရုံ၌ ခွဲစိတ် ခန်းပါ သုံးထပ်တိုးချဲ့လူနာဆောင် ဆောက်လုပ်မည့်နေရာကို ကြည့်ရှု စစ်ဆေးပြီး ကလောပြည်သူ့ဆေးရုံ တွင် ဆေးကုသမှုခံယူနေသော ပြည်သူများအား စားသောက်ဖွယ်ရာ နှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် အောင်ပန်းမြို့သာမိုင်းခန်း ကျေးရွာအုပ်စု ကုန်းလွင်ကျေးရွာရှိ ရှမ်းထိပ်တန်း တန် ၇၀၀ အာလူးအအေးခန်း ဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး အာလူးအအေးခန်း ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် အောင်ပန်းမြို့ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသန ဗဟိုဌာန (အောင်ပန်း)၌ အထွက်ကောင်းမျိုး များပြသထား၍ ရောဂါပိုးမွှား ကင်းစင်သော မျိုးအာလူးထုတ်လုပ် ပုံအဆင့်ဆင့်နှင့် ဒေသသုတေသန ဗဟိုဌာန(အောင်ပန်း)ရှိ သုတေသန ခေတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)



တောင်ငူမြို့နယ်၌ စားအုန်းဆီရောင်းချနေမှုများ ကြပ်မတ်ကြည့်ရှုစစ်ဆေး

တောင်ငူ မေ ၂၄

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ပေါ်ရပ်ကွက်များရှိ စားအုန်းဆီ အရောင်းဆိုင်များ၌ သတ်မှတ်ပမာဏအတိုင်း မှန်ကန်စွာရောင်းချမှု ရှိ/မရှိ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် လိုက်လံကြပ်မတ် ကြည့်ရှုစစ်ဆေးသည်။

ပဲခူးတိုင်းဒေသကြီး စားအုန်းဆီဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး အဖွဲ့ (အတွင်းရေးမှူး) တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်အောင်သည် တောင်ငူခရိုင် စားသုံးသူ ရေးရာဦးစီးဌာနရုံး၌ တောင်ငူခရိုင်အတွင်းရှိ စားအုန်းဆီ လက်ကား/လက်လီကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ ပြည်သူများအား စားအုန်းဆီ ဝယ်ယူခွင့်စာအုပ်များဖြင့် ရောင်းချရာတွင် သတ်မှတ်ဈေးနှုန်း၊ အလေးချိန်၊ သတ်မှတ်ပမာဏအတိုင်း မှန်ကန်စွာရောင်းချရေး၊ သတ်မှတ်စည်းကမ်း အတိုင်းရောင်းချကြရန် ပြောကြားသည်။

တောင်ငူခရိုင်တွင် ရပ်ကွက်/ကျေးရွာ ၂၈၆ အုပ်စု၊ အိမ်ထောင်စု ဦးရေ ၁၈၀၀၀၀ ခန့်အား လစဉ် စားအုန်းဆီ ၃၂၈ ပိဿဂါကို လက်ကား ကိုယ်စားလှယ်ခြောက်ဦး၊ လက်လီဆိုင်ခွဲပေါင်း ၁၃၀ တို့ဖြင့် ပြည်သူ များထံသို့ ဖြန့်ဖြူးပေးလျက်ရှိပြီး တောင်ငူမြို့နယ်အနေဖြင့် တစ်လ လျှင် ၉၈၅ ပိဿာ ခွဲတစ်ရက်ကာ ရပ်ကွက်/ကျေးရွာ ၆၄ ခုတွင် အိမ်ထောင်စု တစ်စုလျှင် ၁ ဒဿမ ၅ ပိဿာနှုန်း၊ အိမ်ထောင်စုဦးရေ ၆၅၀၀၀ ခန့်နှင့် နိုင်ငံဝန်ထမ်းများကိုပါ သတ်မှတ်ရည်ညွှန်းစျေးအတိုင်း ရောင်းချပေး လျက်ရှိကြောင်း သိရသည်။

ဇေဒီကိုကို(တောင်ငူ)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သာယာဝတီခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

သာယာဝတီ မေ ၂၄

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယမန်နေ့နံနက် ပိုင်းက သာယာဝတီခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက် စေရေး ကွင်းဆင်းဆောင်ရွက် သည်။



ဦးစွာ သာယာဝတီမြို့နယ် ငဖြူကလေးကျေးရွာရှိ မွေးမြူရေး လုပ်ငန်းရှင် ဦးဇော်လင်း၏ ဥစ္စာဘဲ ကောင်ရေ ၄၀၀၀ သာဘဝကွင်းစာ ဖြင့် အောင်မြင်စွာ မွေးမြူထားရှိမှု၊ တစ်ကွင်းတစ်ဆက်တည်း ရေဆင်း ပေါ်ဆန်း(၁) ဂျီ ဧကာ စိုက်ပျိုး အောင်မြင် ဖြစ်ထွန်းနေမှုနှင့် မျိုးသန့်စင်စက်ဖြင့် တန်ဖိုးမြင့် ရေဆင်းပေါ်ဆန်း စပါးမျိုးများ ပြန်လည်သန့်စင်နေမှုကို ကွင်းဆင်း ကြည့်ရှုသည်။

ထို့နောက် သာယာဝတီမြို့နယ် အင်းရွာ စိုက်ပျိုးရေးသင်တန်း ကျောင်း၌ ရိဘတ်စတာကော်ဖီ အပင်ရေ ၅၀၀၀၀ ပျိုးထောင် ထား၍မှု၊ သာယာဝတီမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု၌ ရေကြီး ရေနက်ကွင်း လယ်မြေဧက ၂၀၀ ကို ရာသီမရွေးစိုက်ပျိုးနိုင်သည့် ရေတော်မိုးတော် လယ်မြေအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန် ဦးတိုက်ဦ ရေတံခါးအထက်ပိုင်း အရှည်ပေ သုည ဒသမ ၈၃ မိုင် ရိုးချောင်း တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေး သည်။

ယင်းနောက်လက်ပံတန်းမြို့နယ် ချမ်းသာကုန်း ကျေးရွာအုပ်စု၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ အိမ်တိုင်း စားဖို့ဆောင်သီးနှံစိုက်ခင်း Home Garden များ ဆောင်ရွက် ကြရန် အသိပေးပြောကြားပြီး ကျေးရွာသူ ကျေးရွာသားများ အတွက် ဟင်းသီးဟင်းရွက်သီးနှံ မျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရ သည်။ တိုင်းဒေသကြီး(ပြန်/ဆက်)

ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး မကွေးတိုင်းဒေသကြီးအတွင်းရှိ သစ်တောစိုက်ခင်းများ၊ ပျိုးဥယျာဉ်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်ဦးသည် ယမန်နေ့က မင်းဘူးမြို့နယ် ကန်ရေယျိုးဥယျာဉ် နှင့် ရွှေတပင်အဖြဲတမ်းယျိုးဥယျာဉ် တို့တွင် ယျိုးပင်များရှင်သန်အောင်မြင် မှုနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ အတွက် ဖြေနေရာပြင်ဆင်ထားရှိ မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မင်းဘူးမြို့နယ် ရွာသာယာကျေးရွာရှိ ဒေသခံ ပြည်သူများအား သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းရေးလုပ်ငန်းများ တွင် ပူးပေါင်းပါဝင်ရေးနှင့် သစ်တောသစ်ပင်များ၏ အကျိုး ကျေးဇူးများကို ဟောပြောဆွေးနွေး ပြီး ဒေသခံပြည်သူများအတွက် စွမ်းအားမြင့် အေဝမ်းမီးဖိုများ၊ ရွာသာယာ အထက်တန်းကျောင်း စာကြည့်တိုက်အတွက် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာအုပ်များနှင့် လစဉ်ထုတ် သစ်တော ကြေးမုံစာစောင်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် သစ်တောဦးစီး ဌာနက ဆောင်ရွက်လျက်ရှိသည့် မကွေးမြို့နယ် ဒေါင်းနေ(တိုးချဲ့) ကြိုးပြင်ကာကွယ်တောအတွင်းရှိ (၁/၂၀၂၆) အထူးစိမ်းကွက်လပ် ဖြည့်စိုက်ခင်း၊ မကွေး-ရေနံချောင်း ကားလမ်းမိုင်တိုင်အမှတ် (၃၄၀/၂) အနီးလမ်းဘေး ဝဲ/ယာတွင် တည်ထောင် စိုက်ပျိုးထားသည့် အပင် ၄၀၀ စိုက်ခင်းကိုလည်း ကောင်း၊ အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာနနှင့် သစ်တော ဦးစီးဌာနတို့မှ (၂၀၂၄/၂၀၂၅)ခိုးရာသီ တွင် စိုက်ပျိုးခဲ့သော လမ်းဘေး ဝဲ/ယာ စိမ်းလန်းစိုပြည်ရေး စိုက်ခင်း များ ရှင်သန်အောင်မြင်မှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သိရသည်။ သတင်းစဉ်





ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် အခြေခံပညာဦးစီး ဌာနက ၂၀၂၆–၂၀၂၇ ပညာသင်နှစ် "နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံ ကြပါစို့" ဆောင်ပုဒ်ဖြင့် ကျောင်းအပ်နှံရေးသီတင်းပတ်ဆိုင်းဘုတ် စိုက်ထူဖွင့်လှစ်ခြင်းကို မေ ၂၄ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ပြုလုပ်စဉ်။ မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်၌ ၂၀၂၆–၂၀၂၇ ပညာသင်နှစ် "နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ဖို့ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်ဖြင့် ဆိုင်းဘုတ်စိုက်ထူပွဲကို မေ ၂၃ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျင်းပစဉ်။

မြို့နယ်(ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန "၂၀၂၆-၂၀၂၇ ပညာသင်နှစ်" ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/ လက်ခံခြင်းမပြုရ။
- ငွေကြေး/ လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပဟေဠိစေရေး မိဘပြည်သူအားလုံးနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

ပညာရေးဝန်ကြီးဌာန "၂၀၂၆-၂၀၂၇ ပညာသင်နှစ်" မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပဟေဠိစေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- မိဘများအနေဖြင့် ကျောင်းဖွဲ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

ပညာရေးဝန်ကြီးဌာန "၂၀၂၆-၂၀၂၇ ပညာသင်နှစ်" အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ အခမဲ့ထောက်ပံ့မှုများမှာ

(က) သူငယ်တန်း (KG)
၁။ သန့်ရှင်းခြင်း ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရုပ်ဒဿမှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျွံကြမယ်စာအုပ် ၅။ ခဲတံ(၄)ချောင်း ၆။ ကျောင်းဝတ်စုံ(၁)စုံ

(ခ) ပထမတန်း (Grade 1)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဂ) ဒုတိယတန်း (Grade 2)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဃ) တတိယတန်း (Grade 3)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(င) စတုတ္ထတန်း (Grade 4)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

(စ) ပဉ္စမတန်း (Grade 5)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ(၁)စုံ

(ဆ) ဆဋ္ဌမတန်း (Grade 6)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ စက်မှုအတတ်ပညာ ၁၃။ အခြေခံစိုက်ပျိုးရေးပညာ ၁၄။ အခြေခံမွေးမြူရေးပညာ ၁၅။ ဗလာစာအုပ် (၁)ဒါဇင် ၁၆။ ဘောပင် (၂)ချောင်း ၁၇။ ခဲတံ (၂)ချောင်း

(ဇ) သတ္တမတန်း (Grade 7)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဈ) အဋ္ဌမတန်း (Grade 8)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ည) နဝမတန်း (Grade 9)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂) ချောင်း

(ဋ္ဌ) ဒသမတန်း (Grade 10)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ) ဘာသာတွဲ ၁၆။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၇။ ကာယပညာ (သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ(ဂီတ) ၁၈။ ဗလာစာအုပ် (၁)ဒါဇင် ၁၉။ ဘောပင် (၂)ချောင်း ၂၀။ ခဲတံ (၂)ချောင်း

(ဌ) ကောဒသမတန်း (Grade 11)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ (ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ)ဘာသာတွဲ ၁၆။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၇။ ကာယပညာ (သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ(ဂီတ) ၁၈။ ဗလာစာအုပ် (၁)ဒါဇင် ၁၉။ ဘောပင် (၂)ချောင်း ၂၀။ ခဲတံ (၂) ချောင်း

(ဍ) ဒွါဒသမတန်း(Grade 12)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ (ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ)ဘာသာတွဲ ၁၆။ ဗလာစာအုပ် (၁)ဒါဇင် ၁၇။ ဘောပင် (၂)ချောင်း ၁၈။ ခဲတံ (၂) ချောင်း

ကျန်းမာရေး အလေ့အထကောင်းတွေကို ဒီနေ့မှ စတင်လိုက်ရအောင်...

ထက်လှုံ

ပြီးခဲ့တဲ့တနင်္ဂနွေနေ့က နေပြည်တော်နှင်းဆီပန်းအိုင်းနား ပုဂ္ဂလိကဆေးခန်းတစ်ခုကို ရောက်ဖြစ်ခဲ့ပါတယ်။ သွေးတိုး၊ ဆီးချိုရှိသူဖို့ နောက်ဆက်တွဲရောဂါတွေ ကြောက်တဲ့အတွက် ဆေးစစ်ပြီး ဆရာဝန်နဲ့ ပြန်လည်ပြသခြင်း ဖြစ်ပါတယ်။ စာအုပ်လုပ်တဲ့နေရာ၊ ဆေးခန်းအင်္ဂလန်နဲ့ ခုံတန်းလျားရှည်တွေမှာ စောင့်ဆိုင်းနေကြသူ တစ်ပုံတစ်ပင်။

အချို့ကလည်း လန်းလန်းဆန်းဆန်း၊ အချို့ကလည်း ကိုယ့်ခန္ဓာကိုယ်တောင် အနိုင်နိုင်သယ်ပြီးလာရတဲ့ အနေအထား တွေ၊ ရောဂါခံစားနေရတဲ့ကလေးငယ်တွေကို အမျိုးမျိုးချော့မော့နေရတဲ့ မိဘတွေ စသဖြင့် သူ့အပူနဲ့သူ။ ဆေးခန်းကို မွန်းလွဲ ၁ နာရီလောက်က စရောက်မေ့မယ့် တိုကင်နံပါတ် ၃၂ ဖြစ်တဲ့အတွက် ညနေ ၄ နာရီဝန်းကျင်မှ ကိုယ့်အလှည့် ရောက်လာပါတယ်။ ဆရာက ဆေးစစ်ချက်အဖြေတွေကိုကြည့်၊ သေချာစမ်းသပ်ပြီး မေးသမျှကို စိတ်ရှည်ရှည်နဲ့ သေချာရှင်းပြဆွေးနွေးလို့ရတဲ့အတွက် စိတ်ချမ်းသာရပါတယ်။

ပြောချင်တာက ဆေးခန်းမှာ ပေးရတဲ့အချိန်နဲ့ ငွေကြေးပါ။ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကသာ ကျန်းမာရေး သတိရှိခဲ့မယ်ဆိုရင် ဒီနေ့လို အချိန်နဲ့ငွေတွေကုန်မှာမဟုတ်ဘူးလို့တွေးပြီး ကိုယ့်ကိုယ် ကိုယ်လည်း အပြစ်တင်နေမိပါတယ်။

သွေးတိုး၊ ဆီးချိုဆိုတာ လူတစ်ယောက်က တစ်ယောက်ကို ကူးစက်တတ်တဲ့ ရောဂါမဟုတ်ဘဲ မှားယွင်းတဲ့ ဘဝနေထိုင်မှုပုံစံတွေ၊ ဆေးလိပ်၊ အရက်၊ အဆီ၊ အဆိမ်နဲ့ အချို၊ အငန်လွန်ကဲတဲ့ အစားအသောက်တွေလို ကာလကြာမြင့်စွာ စွဲမြဲစားသောက်လာတဲ့ အလေ့အထတွေ၊ လူနေမှုပုံစံတွေ၊ ပတ်ဝန်းကျင်နဲ့ မျိုးရိုးတို့ကြောင့် ဖြစ်ပေါ်လာတာဖြစ်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အချက်အလက်တွေအရ ကမ္ဘာတစ်ဝန်းမှာ နှလုံးသွေးကြောရောဂါ၊ ဆီးချို သွေးချို ရောဂါ၊ လေဖြတ်လေဒန်းရောဂါ၊ ကင်ဆာရောဂါ အစရှိတဲ့ မကူးစက်နိုင်တဲ့ရောဂါတွေကြောင့် နှစ်စဉ်လူဦးရေ ၄၃ သန်းကျော် သေဆုံးနေရပြီး သေဆုံးမှုတွေရဲ့ ၈၀ ရာခိုင်နှုန်းကျော်က ဖွံ့ဖြိုးဆဲနိုင်ငံတွေက ဖြစ်တယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံမှာ အဖြစ်အများဆုံးက နှလုံးသွေးကြောရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါ၊ နာတာရှည် အဆုတ်ရောဂါတို့ဖြစ်ပြီး သေဆုံးသူ ၁၀၀ မှာ ၅၉ ဦးက မကူးစက်နိုင်တဲ့ ရောဂါတွေကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ မကူးစက်နိုင်တဲ့ ရောဂါများ ဖြစ်ပွားနိုင်ခြေတွေကို STEPs Survey အနေနဲ့ ၂၀၁၃၊ ၂၀၀၈၊ ၂၀၁၄ နဲ့ ၂၀၂၄ ခုနှစ်တို့မှာ သုတေသနပြုလုပ်ခဲ့ပါတယ်။ သုတေသနတွေ့ရှိချက်တွေအရ လွန်ခဲ့တဲ့ ဆယ်နှစ်နဲ့ နှိုင်းယှဉ်ရင် သွေးတိုးရောဂါဖြစ်ပွားမှု၊ ဆေးလိပ်နဲ့ ဆေးရွက်ကြီးသုံးစွဲမှုတို့ အနည်းငယ် လျော့ကျလာပြီး သွေးတွင်းသကြားဓာတ်နဲ့ သွေးတွင်းအဆီဓာတ်များခြင်းလိုမျိုး ရောဂါတွေဖြစ်ပွားနိုင်ခြေက ပိုမိုမြင့်တက်လာတယ်လို့ ဆိုကြပါတယ်။

မြန်မာနိုင်ငံမှာ အသက်ဆုံးရှုံးမှုအများဆုံးဖြစ်တဲ့ နှလုံးသွေးကြောဆိုင်ရာ ရောဂါတွေက သွေးတိုးခြင်း၊ သွေးတွင်းအဆီဓာတ်မြင့်မားခြင်းနဲ့ ဆေးလိပ်သောက်ခြင်းတို့ကြောင့် အဓိကဖြစ်ရတာ ဖြစ်ပါတယ်။

ကင်ဆာရောဂါကလည်း မြန်မာနိုင်ငံမှာ အသက်ဆုံးရှုံးမှုများပြားတဲ့ ရောဂါတစ်မျိုးပါ။ ကင်ဆာရောဂါက မျိုးရိုးဗီဇနဲ့ ပတ်ဝန်းကျင်အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပွားနိုင်တယ် ဆိုပေမယ့် ကင်ဆာဖြစ်ပွားမှု အများစုကတော့ အစားအသောက်မဆင်ခြင်တာ၊ လူနေမှုပုံစံနဲ့ ဆက်စပ်နေပါတယ်။

ကျန်းမာရေးနဲ့မညီညွတ်တဲ့ အသင့်စား အစားအသောက်တွေစားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်း၊ ဆေးလိပ်နဲ့ဆေးရွက်ကြီးထွက်ပစ္စည်းတွေသုံးစွဲခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်းစတဲ့ အကြောင်းရင်းတွေကြောင့် သွေးပေါင်ချိန်တက်ခြင်း၊ သွေးတွင်း အချို ဓာတ်နဲ့ အဆီဓာတ်များခြင်း၊ အဝလွန်ခြင်းတို့လို ရောဂါတွေလည်း ဖြစ်ပွားနိုင်ခြေမြင့်မားစေပါတယ်။

လူသားတိုင်း သက်ရှည်ကျန်းမာပြီး မျှော်မှန်းသက်တမ်း ပြည့်မီဖို့ဆိုရင် ကျန်းမာတဲ့နေထိုင်မှုပုံစံ (Healthy Life Style)ဖြစ်ဖို့လိုပါတယ်။ ကျန်းမာရေးနဲ့ ညီညွတ်အောင် အာဟာရမျှတစွာစားသုံးမယ်။ ထမင်း၊ ပေါင်မုန့်၊ ဆန်၊ ဂျုံ စတဲ့ ကိုယ်ခန္ဓာအတွက် အားအင်ပေးတဲ့ အစာအုပ်စု၊ ကြွက်သား၊ အရိုး၊ သွေးစတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ တည်ဆောက်ပေးတဲ့အစာအုပ်စုနဲ့ ရောဂါကာကွယ်ပေးတဲ့ အစာအုပ်စု သုံးခုကို သင့်တင့်မျှတစွာ စားသောက်တတ်ဖို့ လိုပါတယ်။

ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံတွေမှာ ဗီတာမင်နဲ့သတ္တုဓာတ်တွေ ပါဝင်တဲ့အတွက် ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်ပြီး ရောဂါကာကွယ်ပေးနိုင်ပါတယ်။ အထိုင်များတဲ့သူတွေဆိုရင် မိနစ် ၃၀ ကြာတိုင်း ငါးမိနစ်လောက်ထပြီး တစ်ခုခုလုပ်ဆောင်မယ်ဆိုရင် ကိုယ်ခန္ဓာလှုပ်ရှားမှုမရှိခြင်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အဝလွန်ခြင်းနဲ့ နောက်ဆက်တွဲရောဂါ အန္တရာယ်တွေဖြစ်ပွားမှုကို လျော့ချပေးနိုင်သလို စိတ်လက်ပေါ့ပါးလန်းဆန်းသွားတဲ့အတွက် လုပ်ငန်းစွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ပေးနိုင်ပါတယ်။ ရှင်သန်လှုပ်ရှားသွားလာရတဲ့အခါ အကြောင်းတစ်စုံတစ်ရာကြောင့် စိတ်ဖိစီးမှုရှိနိုင်ပါတယ်။ ဒီလိုအခါမှာ သီချင်းနားထောင်တာ၊ စာဖတ်တာ၊ ဝါသနာပါရာတစ်ခုခုကို လုပ်ဆောင်ခြင်းဖြင့် စိတ်ဖိစီးမှုတွေကနေ လွတ်မြောက်နိုင်ပါတယ်။ ဒါ့အပြင် ဝင်လေထွက်လေ အာနာပါနရှုမှတ်တာ၊ တရားထိုင်တာ၊ အသက်ရှူလေ့ကျင့်ခန်း ပြုလုပ်တာတွေကို လုပ်ဆောင်သင့်ပါတယ်။ အဲဒီလို လှုပ်ရှားမှုတွေဆိုရင် ဓမနီကြွက်သားတွေ ကြွတက်လာပြီး ကြွက်သားအားလုံးက ကိုယ်ခန္ဓာကို ထိန်းသိမ်းပေးတဲ့ အလုပ်ကို ပိုပြီးကောင်းမွန်စွာ လုပ်ဆောင်ပေးနိုင်ပါတယ်။ ဒါကြောင့် "လူ့အသက်ထက် အရေးကြီးတာ ဘာမျှမရှိ" ဆိုတဲ့ ခံယူချက်နဲ့ ပြည်သူအားလုံး စိတ်ရော ကိုယ်ပါ ကျန်းမာကြံခိုင်ရေးကို နိုင်ငံတော်အစိုးရ အနေနဲ့ အလေးထားပြီး ကျန်းမာရေး ကဏ္ဍ အဆင့်မြှင့်တင်မှုတွေ ဆောင်ရွက်နေပါတယ်။

ခန္ဓာကိုယ်ကျန်းမာမှုက ရာထူး ဂုဏ်သိမ် စည်းစိမ်ဥစ္စာတွေထက်ပိုပြီး တန်ဖိုးကြီးလှပါတယ်။ ကျန်းမာခြင်းဆိုတာ လူတိုင်းအတွက် အဖိုးတန်ဆုံး ရတနာဖြစ်ပြီး နေ့စဉ်ဘဝမှာ ကျန်းမာရေးနဲ့ ညီညွတ်စွာ နေထိုင်တတ်ခြင်းက ကောင်းမွန်တဲ့ ဘဝအရည်အသွေးတစ်ရပ် ဖြစ်ပါတယ်။

မှားယွင်းတဲ့အပြုအမူ၊ အစားအသောက်၊ ဘဝနေထိုင်မှုပုံစံတွေက ချက်ချင်းလက်ငင်း အကျိုးသက်ရောက်မှု ပြချင်မှ ပြပါလိမ့်မယ်။ ဒါပေမဲ့ နောင်လာမယ့်ဆယ်စုနှစ်မှာ ကျန်းမာပျော်ရွှင်စွာ အသက်ရှင်ရပ်တည်နိုင်မလား ဆိုတာ အခုလက်ရှိအချိန်မှာ ဘယ်လိုနေထိုင်စားသောက်နေသလဲဆိုတဲ့ အပေါ်မှာ မူတည်ပါတယ်။ ကျန်းမာအောင်နေထိုင်ခြင်းက မိမိကိုယ်ကို ချစ်ရာရောက်သလို ကျန်းမာရေးအတွက် ငွေကြေးကုန်ကျမှုမရှိတဲ့အတွက် မိသားစုရဲ့လူမှုစီးပွားဘဝကို စောင့်ရှောက်ခြင်းလည်း ဖြစ်ပါတယ်။

ကျန်းမာရေးနဲ့ ညီညွတ်စွာ နေထိုင်ခြင်းက ရုတ်တရက်ပြောင်းလဲရတဲ့ အရာမဟုတ်ဘဲ တစ်နေ့စီမှာ သေချာဂရုစိုက်ရမယ့် အလေ့အထကောင်းတစ်ခုဖြစ်ပါတယ်။ သေးငယ်တဲ့ပြောင်းလဲမှုတွေက ရေရှည်မှာကြီးမားတဲ့အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေနိုင်တဲ့အတွက် အသေးအဖွဲလေးကအစ ဂရုပြုဆင်ခြင်ပြီး ပိုမို ကျန်းမာတဲ့ဘဝကို တည်ဆောက်နိုင်ပါတယ်။

သင်အခု ကျန်းမာရေးနဲ့ညီညွတ်စွာ နေထိုင်စားသောက်နေတယ်ဆိုရင် သေချာပါတယ် နောင်လာမယ့် ဆယ်စုနှစ်မှာ ကျန်းမာသန်စွမ်းပြီး ပျော်ရွှင်တဲ့ဘဝနဲ့ ရှိနေမှာဖြစ်တဲ့အတွက် ပိုမိုကျန်းမာအောင် ကျန်းမာခြင်း အလေ့အထကောင်းတွေကို ဒီနေ့မှစတင်လိုက်ရအောင်။ ။

> လူသားတိုင်း သက်ရှည်ကျန်းမာပြီး မျှော်မှန်းသက်တမ်းပြည့်မီဖို့ဆိုရင် ကျန်းမာတဲ့နေထိုင်မှုပုံစံ (Healthy Life Style)ဖြစ်ဖို့လိုပါတယ်။ ကျန်းမာရေးနဲ့ညီညွတ်အောင် အာဟာရမျှတစွာစားသုံးမယ်။ ထမင်း၊ ပေါင်မုန့်၊ ဆန်၊ ဂျုံ စတဲ့ ကိုယ်ခန္ဓာအတွက်အားအင်ပေးတဲ့အစာအုပ်စု၊ ကြွက်သား၊ အရိုး၊ သွေးစတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ တည်ဆောက်ပေးတဲ့အစာအုပ်စုနဲ့ ရောဂါကာကွယ်ပေးတဲ့ အစာအုပ်စု သုံးခုကို သင့်တင့်မျှတစွာ စားသောက်တတ်ဖို့လို

> လမ်းလျှောက်တာ၊ စက်ဘီးစီးတာ၊ ကခုန်တာစတဲ့ နှစ်သက်ရာကိုယ်လက်လှုပ်ရှားမှုတစ်ခုခုကို ရွေးချယ်လုပ်ဆောင်နိုင်ပါတယ်။ အထိုင်များတဲ့သူတွေဆိုရင် မိနစ် ၃၀ ကြာတိုင်း ငါးမိနစ်လောက်ထပြီး တစ်ခုခုလုပ်ဆောင်မယ်ဆိုရင် ကိုယ်ခန္ဓာလှုပ်ရှားမှုမရှိခြင်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အဝလွန်ခြင်းနဲ့ နောက်ဆက်တွဲရောဂါအန္တရာယ်တွေဖြစ်ပွားမှုကို လျော့ချပေးနိုင်သလို စိတ်လက်ပေါ့ပါးလန်းဆန်းသွားတဲ့အတွက် လုပ်ငန်းစွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ပေးနိုင်ပါတယ်။ ရှင်သန်လှုပ်ရှားသွားလာရတဲ့အခါ အကြောင်းတစ်စုံတစ်ရာကြောင့် စိတ်ဖိစီးမှုရှိနိုင်ပါတယ်။ ဒီလိုအခါမှာ သီချင်းနားထောင်တာ၊ စာဖတ်တာ၊ ဝါသနာပါရာတစ်ခုခုကို လုပ်ဆောင်ခြင်းဖြင့် စိတ်ဖိစီးမှုတွေကနေ လွတ်မြောက်နိုင်ပါတယ်။ ဒါ့အပြင် ဝင်လေထွက်လေ အာနာပါနရှုမှတ်တာ၊ တရားထိုင်တာ၊ အသက်ရှူလေ့ကျင့်ခန်း ပြုလုပ်တာတွေကို လုပ်ဆောင်သင့်

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနေသည့် အခြေအနေများအား ပြည်သူများသို့ အသိပေးတင်ပြ

နေပြည်တော် မေ ၂၄

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူများ လျှပ်စစ်နှင့်စွမ်းအင်ကို ကြောင့်ကြကင်းစွာ အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရန်ရည်ရွယ်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် စီမံကိန်းများအနက် အချို့သည် အမျိုးမျိုးသောနောင့်ယှက်ဟန့်တားမှု၊ ပယောဂများကြောင့် အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမရှိဘဲ ပြည်သူလူထုလိုအပ်ချက်၏ ၇၀ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်ပေးနိုင်လျက်ရှိသည်။ တစ်ဖက်တွင်လည်း ပြည်သူလူထု၏ သုံးစွဲလိုမှုမှာ နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လာသည်ဖြစ်ရာ ဝန်နှင့်အားမမျှတော့ဘဲရုန်းကန်နေရသည့် အခြေအနေဖြစ်သည်။

လျှပ်စစ်ထုတ်လုပ်မှု၏ ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်ကို ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံများတွင် ပြန်လည်အသုံးပြုရပြီး ၄ ဒသမ ၅ ရာခိုင်နှုန်းခန့်သည် ရှည်လျားစွာ သွယ်တန်းထားရသည့် မဟာဓာတ်အားလိုင်းကြီးများတစ်လျှောက် အလိုအလျောက်ဆုံးရှုံးသွားသဖြင့် သုံးစွဲသူပြည်သူများထံသို့ ရောက်ရှိချိန်တွင် ထုတ်လုပ်မှု၏ ၈ ရာခိုင်နှုန်းခန့်သည် သဘောသဘာဝအရ လျော့နည်းနေမည်ဖြစ်သည်။

ထို့ပြင် အချို့သောဓာတ်အားထုတ်လုပ်မှုအရင်းအမြစ်များ၊ ဓာတ်အားခွဲရုံများ၊ မဟာဓာတ်အားလိုင်းကြီးများသည် အကြမ်းဖက်ဖျက်ဆီးခံထားရသဖြင့် အပြည့်အဝအသုံးပြုနိုင်မှု မရှိတော့သည့်အတွက် ကျန်ရှိသည့် ဓာတ်အားခွဲရုံများနှင့် မဟာဓာတ်အားလိုင်းကြီးများသည် ဝန်ပိုများထမ်းဆောင်နေကြရသည်ဖြစ်ရာနိုင်ငံတော်၏လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုကွန်ရက်ကြီးသည် နည်းပညာဆိုင်ရာ စွန့်စားရမှုများစွာနှင့်အတူ ပြည်သူများ၏ လိုအပ်ချက်ကို ကြိုးစားဖြည့်ဆည်းနေရသည့် အခြေအနေဖြစ်ကြောင်း သိရသည်။


ဖျက်ဆီးခံရမှုများကို မြန်မာ့တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးအစောင့်အရှောက်နှင့် ပြည်သူများ၏အကူအညီများရယူ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများသည် စွန့်လွှတ်စွန့်စားသော စိတ်ဓာတ်များနှင့် ရာသီအချိန်မရွေး ပြင်ဆင်ပေးလျက်ရှိနေကြပါသည်။

ယင်းသို့ ပြင်ဆင်သည့် အချိန်များတွင်လည်း သွားရောက်ရာ လမ်းတစ်လျှောက် မိုင်းထောင်ထားခြင်း၊ ပြင်ဆင်နေစဉ်လာရောက် နှောင့်ယှက်တိုက်ခိုက်ခြင်း၊ ပြင်ဆင်ပြီးပြန်မည့် လမ်းတစ်လျှောက်တွင် မိုင်းများထောင်ထားခြင်းတို့ကြောင့် အချို့ဝန်ထမ်းများသေဆုံးခြင်း၊ ကိုယ်လက်အင်္ဂါစွန့်လွှတ်ရခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။

ယင်းသို့ဖြစ်ပေါ်နေသည့် အခက်အခဲများကြားမှပင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် နည်းပညာဆိုင်ရာ အခက်အခဲများကို ဖြေရှင်းကျော်လွှားခြင်း၊ မသမာမှုဆောင်ရွက်နေခြင်းများကို ဖော်ထုတ်ဖြေရှင်းခြင်းတို့ကို အလေးထား ဆောင်ရွက်နေသည့်အတွက် ရေလှောင်တမံများ၏ သိုလှောင်ထားမှုအမှတ် အနိမ့်ဆုံးရောက်ရှိနေသည့် ယခုအချိန်ကာလများတွင်ပင် လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်လျက်ရှိပါသည်။

နိုင်ငံတော်၏ လျှပ်စစ်နှင့်စွမ်းအင် အရင်းအမြစ်များ၊ အခြေခံအဆောက်အအုံများသည် နိုင်ငံတစ်ဝန်းဖြန့်ကြက်တည်ရှိနေသည်ဖြစ်ရာ ပြည်သူလူထုအနေဖြင့် ဝိုင်းဝန်းကူညီစောင့်ရှောက်ခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အသိပေးတင်ပြချက်များအားဖတ်ရှု၍ လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် အသိပေးတင်ပြအပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန



ဓာတ်အားစနစ်ကွန်ရက်အခြေပြပုံ။



ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုများကို တွေ့ရစဉ်။



လျှပ်စစ်ဓာတ်အားစနစ် ပြင်ဆင်နေမှုကို တွေ့ရစဉ်။



သဘာဝဓာတ်ငွေ့ဝိုက်လိုင်းများ ပြင်ဆင်နေမှုကို တွေ့ရစဉ်။

၂၀၂၆ ခုနှစ် မေလ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 (PM_{10})၊ Sulphur Dioxide (SO_2)၊ Nitrogen Dioxide (NO_2)၊ Ozone (O_3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်	ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
		၂.၅ မိုက် ခရွန် အရွယ် ရှိသော အမှုန် အမွှားများ	၁၀ မိုက် ခရွန် အရွယ် ရှိသော အမှုန် အမွှားများ	ဆာလဖာ ဒိုင် အောက် ဆိုက်	နိုက် ထရိုဂျင် ဒိုင် အောက် ဆိုက်	အို ဇုန်း	ကာဗွန် မို နောက် ဆိုက်
၁	ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၂	အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၃	ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

0–50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51–100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့်
101–150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151–200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201–300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301–500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ချောက်မြို့နယ်၌ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဟောပြော

ချောက် မေ ၂၄

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဟောပြောခြင်းကို ယနေ့နံနက် ၁၀နာရီက ချောင်းတက်ကျေးရွာ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ချောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် ဝန်ထမ်းများက အထွက်နှုန်းကောင်းမွန်သောမျိုးကောင်း၊ မျိုးသန့်များ ရွေးချယ်အသုံးပြုရေး၊ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာတွဲဖက် အသုံးပြုရေး၊ သီးနှံအထွက်နှုန်း မထိခိုက်စေသည့်ဓာတ်မြေဩဇာ လျှော့ချသုံးစွဲနိုင်သည့် နည်းလမ်းများ လိုက်နာကျင့်သုံးရေး၊ ပိုးသတ်ဆေးများ လျှော့ချအသုံးပြုရန်အတွက် သဘာဝပိုးသတ်ဆေးများ ဖော်စပ်အသုံးပြုရန်နှင့် စနစ်တကျသုံးစွဲတတ်ရေး၊ စိုက်ပျိုးရေးတောင်သူများ ငါးအမိုင်နီများ ပြုလုပ်သုံးစွဲရေးသဘာဝမြေဆွေးပြုလုပ်သုံးစွဲတတ်စေရေးတို့ကို ရှင်းလင်းဟောပြောသည်။

ထို့နောက် စိုက်ပျိုးရေးတောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ပန်းတိုင်အထွက်နှုန်းရရှိရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

ပေါင်မြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

ပေါင် မေ ၂၄

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အုပ်ချုပ်ရေးမှူးရုံးတွင် ပြုလုပ်သည်။

ဦးစွာ ပေါင်မြို့မစခန်းမှူး ဒုတိယရဲမှူး ကျော်စိုးသန်းက ရပ်ကွက်၊ ကျေးရွာများအတွင်း မှုခင်းလျော့နည်းကျဆင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ခိုးမှု၊ လုယက်မှု၊ မုဒိမ်းမှုစသည့် မှုခင်းဆိုင်ရာများနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ပြစ်မှု ပြစ်ဒဏ်များကို ရပ်ကွက်နေပြည်သူများအား အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



အောင်လံမြို့နယ်၌ စိုက်ပျိုးရေးရရှိရေးလုပ်ငန်း ဆောင်ရွက်မည့် တောင်သူများအား ချေးငွေပေးအပ်

အောင်လံ မေ ၂၄

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ ပြည်ထောင်စု နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးရရှိရေးလုပ်ငန်း ဆောင်ရွက်မည့် တောင်သူများအား ချေးငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစန်းလွင်က အမှာစကားပြောကြားပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဦးက ချေးငွေများထုတ်ချေးပေးမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ရှိသူများက ဒေသခံတောင်သူများအား တစ်ဦးလျှင် ငွေကျပ် သိန်း ၄၀ နှုန်းဖြင့် စုစုပေါင်း တောင်သူ ၁၁ ဦးအား သက်သာသော အတိုးနှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



မုဒုံမြို့နယ်၌ စက်သုံးဆီ ကိုင်တွယ်ထိန်းသိမ်းခြင်းသင်တန်းဖွင့်ပွဲ ကျင်းပ

မော်လမြိုင် မေ ၂၄

မွန်ပြည်နယ် မုဒုံမြို့နယ်၌ စက်သုံးဆီ ကိုင်တွယ်ထိန်းသိမ်းခြင်းသင်တန်းဖွင့်ပွဲကို မေ ၂၃ ရက်က ကျင်းပရာ ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဇေယျာဦးတက်ရောက်သည်။

ရှင်းလင်းပြောကြား

ထို့နောက် မွန်ပြည်နယ် ရေနံထွက်ပစ္စည်း ထိန်းသိမ်းရေးဌာနမှ ပြည်နယ် ညွှန်ကြားရေးမှူး ဦးအောင်ဇော်ချစ်က စက်သုံးဆီ ကိုင်တွယ်ထိန်းသိမ်းခြင်းဆိုင်ရာ



များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက သိုလှောင်ကန် မီးဘေးလုံးခြုံရေး ဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော သင်တန်းသားများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။ ဆက်လက်၍ ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ရေးနည်းစနစ်၊ ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

ညောင်တုန်းမြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်

ညောင်တုန်း မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ စားသောက်ဆိုင် ခုနစ်ဆိုင်၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ညောင်တုန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးမင်းသူ ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက စားသောက်ဆိုင်များအတွင်း လျှပ်စစ်စိုင်ယာကြိုးများ စနစ်တကျ သွယ်တန်းထားရှိမှု ရှိ/မရှိ၊ မီးသတ်ဆေးဘူးများ လုံလောက်စွာထားရှိရေးနှင့် ရေလုံလောက်စွာထားရှိရေး၊ ဆိုင်ပတ်ဝန်းကျင် အမှိုက်များ



ကင်းစင်ရေး စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးဟိန်းထက်



မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေးဆွေးနွေး

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တိုင်းမြေအသုံးချရေးတာဝန်ခံ၊ သန်လျင်ခရိုင် မြေ၊ မျိုး၊ ပိုး တာဝန်ခံများနှင့် ခရမ်းမြို့နယ်ဦးစီးမှူးတို့သည် ယမန်နေ့က ခမတ်ကျေးရွာ မိုးစပါးစိုက်တောင်သူများနှင့် တွေ့ဆုံသည်။

ဆွေးနွေးပြောကြား

ယင်းသို့တွေ့ဆုံရာတွင် တိုင်းမြေအသုံးချရေးတာဝန်ခံက စိုက်ပျိုးရေးဦးစီးဌာန၏ ရည်ရွယ်ချက်နှင့်မူဝါဒများ၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရန် နည်းပညာများကို အဓိကထားဆွေးနွေးခဲ့သည်။ ဆက်လက်၍ ခရိုင်မြေအသုံးချရေးတာဝန်ခံက သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်းနည်းပညာများ၊ ခရိုင်မျိုးစေ့တာဝန်ခံက မျိုးကောင်း၊ မျိုးသန့် မျိုးစေ့များ ထုတ်လုပ်ရေးနည်းပညာများ၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံက စပါးသီးနှံ ပိုးမွှားရောဂါ ကာကွယ်နိမ့်နင်းခြင်း၊ ပိုးသတ်ဆေးစနစ်တကျသုံးစွဲခြင်းတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် စူပါဘိုကာရှိ မြေဩဇာပြုလုပ်သုံးစွဲနည်းကို တောင်သူများအား လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)



လှိုင်မြစ်အတွင်း သမ္မန်စီးနင်းသူများ အန္တရာယ်မဖြစ်ပွားစေရေး ကြည့်မြင်တိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးညီညီ ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကိုကိုလတ်နှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သည် ကျောက်တံတား သမ္မန်ဆိပ်နှင့် ဗဟကရာသမ္မန်ဆိပ်တို့သို့ သွားရောက်၍ သတ်မှတ် ဦးရေထက် ပိုမိုတင်ဆောင်ခြင်း မရှိစေရန်၊ ခရီးသည်များ အသက်ကယ်အင်္ကျီ စနစ်တကျဝတ်ဆင်ရန်၊ အသက်ကယ်အင်္ကျီမပါသော သမ္မန်များအား ဆိပ်ကမ်းမှလုံးဝထွက်ခွာခြင်းမပြုရန် မေ ၂၄ ရက်က စစ်ဆေးကြပ်မတ်ဆောင်ရွက်စဉ်။

တင်ငင်လေး(ကြည့်မြင်တိုင်)

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနရုံး၌ မေ ၂၃ ရက် နံနက်ပိုင်းက ပခုက္ကူခရိုင် မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ်မီးငြိမ်းသတ်နည်းများ လက်တွေ့သရုပ်ပြဆောင်ရွက်စဉ်။

ဘာမိသာ(ပခုက္ကူ)



တောင်ဥက္ကလာပမြို့နယ်၌ အခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် သမဝါယမအသင်းစုများ ပူးပေါင်း၍ မြို့နယ် သမဝါယမအသင်း အမှုဆောင်များနှင့် အသင်းဝန်ထမ်းများ အခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်းဆင်းပွဲကို မေ ၁၉ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀)ရပ်ကွက် မြို့နယ်သမဝါယမအသင်းစုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဇော်နှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသာအောင်ဌေးတို့က အမှာစကားပြောကြားပြီး တာဝန်ရှိများက သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုတံဆိပ်၊ ဆုငွေနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းကို သင်တန်းသား ၃၀ တက်ရောက်ပြီး နည်းပြသုံးဦးဖြင့် မေ ၁၃ ရက်မှ ၁၉ ရက်အထိ သင်ကြားပေးခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

အမေရိကန်နှင့် ဆွေးနွေးရာတွင် နိုင်ငံ၏ အကျိုးစီးပွားအား ကာကွယ်စောင့်ရှောက်သည့်နည်းလမ်းဖြင့် ဆွေးနွေးဆောင်ရွက်မည်ဟု အီရန်သမ္မတ ပြောကြား



တီဟီရန် မေ ၂၄

အီရန်အနေဖြင့် အမေရိကန်နှင့် ဆွေးနွေးရာတွင် နိုင်ငံ၏ အကျိုးစီးပွားအား ကာကွယ်စောင့်ရှောက်သည့်နည်းလမ်းဖြင့် ဆွေးနွေးဆောင်ရွက်မည်ဟု အီရန်သမ္မတ မာဆော့ ပါဇက် ကီရန်က မေ ၂၃ ရက်တွင် ပြောကြားသည်။

အမေရိကန်သည် ငြိမ်းချမ်းရေးသဘောတူညီချက်များကို ချိုးဖောက်ပြီး ဆွေးနွေးပွဲကာလအတွင်း အီရန်အား တိုက်ခိုက်ကာ အီရန်တာဝန်ရှိသူများကို လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြင့် အီရန်နိုင်ငံသားများ၏ ယုံကြည်မှုကို ပျက်ပြားစေခဲ့ကြောင်း အီရန်သမ္မတက ပါကစ္စတန်တပ်မတော်အကြီးအကဲ အဆစ်မုနဉ်နှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည်။

လက်ရှိဖြစ်နေသည့် အခြေအနေများအရ အီရန်အနေဖြင့် ပါကစ္စတန်အပါအဝင် မိတ်ဆွေနိုင်ငံများနှင့် မဟာမိတ်ဖွဲ့ကာ ညှိနှိုင်းဆွေးနွေးနေကြောင်းနှင့် အီရန်နိုင်ငံ၏ ရည်ရွယ်ချက်မှာ နိုင်ငံ၏ အကျိုး စီးပွားကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း အီရန်သမ္မတက ပြောကြားသည်။ သို့ရာတွင် သမိုင်းကြောင်းများနှင့် အတွေ့အကြုံများ အရ အမေရိကန်နှင့် ဆွေးနွေးရာတွင် သတိထားရန် လိုအပ်သည်ဟု ညွှန်ပြနေကြောင်း ၎င်းကပြောကြားသည်။ လက်နက်ကိုင်ပဋိပက္ခဖြစ်ခြင်းဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာတွင် မည်သူ့အတွက်မျှ အကျိုးကျေးဇူးရှိစေမည်မဟုတ်ကြောင်း ၎င်းကပြောကြားသည်။

ဒေသတွင်းတည်ငြိမ်ရေးအတွက် ပါကစ္စတန်၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့ပြီး ညှိနှိုင်းဆွေးနွေးပွဲများအတွင်း အပြုသဘောဆောင်သည့် ရလဒ်များရရှိခဲ့ခြင်းကို ကြိုဆိုကြောင်းနှင့် ၎င်းရလဒ်များကြောင့် အီရန်နှင့် ဒေသတွင်း နိုင်ငံများအတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း အဆစ်မုနဉ်ကပြောကြားသည်။ အမေရိကန်ဘက်မှ လိုက်လျောမှုမျှမရှိက လက်ရှိ ငြိမ်းချမ်းရေးဆွေးနွေးပွဲပျက်မည်ဟု အီရန်သတင်းဌာန ဖားစ်သတင်းအေဂျင်စီက ပြောကြားသည်။ အီရန်ဘက်မှ လက်ရှိအချိန်တွင် နျူကလီးယားအရေး ဆွေးနွေးမည်မဟုတ်ကြောင်း၊ ဆွေးနွေးပွဲများကျင်းပရန်အတွက် အီရန်၏ပိုင်ဆိုင်မှုများကို အမေရိကန်က ပေးအပ်ရန်နှင့် အီရန်က ဟော်မုဇ် ရေလက်ကြားကို စီမံခန့်ခွဲခွင့်ရရှိရေး စသည့်အချက်များကို တောင်းဆိုခဲ့ပြီး ၎င်းအချက်များကို လိုက်လျောခြင်းမရှိက ဆွေးနွေးမှုများဆောင်ရွက်မည်မဟုတ်ကြောင်း အီရန်က ပြောကြားသည်။

အမေရိကန်နှင့် အစ္စရေးတို့က အီရန်အား ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က စတင်တိုက်ခိုက်ခဲ့ပြီး ဧပြီ ၈ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိခဲ့သော်လည်း ပါကစ္စတန်နိုင်ငံ၌ ကျင်းပသည့် ဆွေးနွေးပွဲတွင် သဘောတူညီချက်မရရှိခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့်သီတင်းပတ်များအတွင်းမှ စတင်၍ နှစ်ဖက်အကြား ပါကစ္စတန်၏ ညှိနှိုင်းမှုဖြင့် ငြိမ်းချမ်းရေး အဆိုပြုချက်များ အပြန်အလှန် ပေးပို့ခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

ဂျပန် မင်းသမီး အအိကို လာအိုနိုင်ငံ ယဉ်ကျေးမှုနှင့် အထူးထုတ်ကုန်ပစ္စည်းများ ပြသသည့် ပွဲတော်သို့ တက်ရောက်



တိုကျို မေ ၂၄

ဂျပန် မင်းသမီး အအိကိုက တိုကျိုမြို့တော်၌ ကျင်းပပြုလုပ်သည့် လာအိုနိုင်ငံ ယဉ်ကျေးမှုနှင့် အထူးထုတ်ကုန်ပစ္စည်းများ ပြသသည့် ပွဲတော်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဂျပန် ဧကရာဇ် နာရူဟီတိုနှင့် ကြင်ယာတော် မာဆာကို တို့၏ သမီးတော်ဂျပန်မင်းသမီး အအိကိုသည် မေ ၂၃ ရက်တွင် Yoyogi Park ၌ ကျင်းပသည့် လာအိုယဉ်ကျေးမှု ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ လာအိုရိုးရာဝတ်စုံဖြင့် အခမ်းအနား တက်ရောက်ခဲ့သည်။

လာအိုရိုးရာ ဝတ်စုံ အစိမ်းဖျော့ဖျော့အရောင် ဝတ်ဆင်ထားသည့် မင်းသမီး အအိကို ကို အခမ်းအနား စင်မြင့်ထက်၌ တွေ့မြင်ရာ ဧည့်သည်တော်များက ချီးကျူး ထောမနာပြုခဲ့ကြသည်။

အခမ်းအနားတွင် ပို့ထည်ဝတ် အမျိုးသမီးများက ရိုးရာအကများဖြင့် ဖျော်ဖြေခဲ့ကြသည်။ မင်းသမီး အအိကိုသည်ယမန်နှစ်က လာအိုနိုင်ငံသို့ ပထမဆုံး တရားဝင် သွားရောက်လည်ပတ်ခဲ့သည်။

ယမန်နှစ်က လာရောက်ခဲ့သည့် မင်းသမီး၏ လာအိုခရီးစဉ်သည် ဂျပန်လူမျိုးများကြား လာအိုနိုင်ငံနှင့်ပတ်သက်သည့် အသိပညာပေးရာတွင် အထောက်အကူဖြစ်စေကြောင်း ဂျပန်နိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး အမိဇကီဒါဗောင်က ပြောကြားခဲ့သည်။

မင်းသမီး၏ ပထမဆုံး တရားဝင် နိုင်ငံရပ်ခြားခရီးစဉ်အတွက် လာအိုကို ရွေးချယ်ခဲ့ခြင်းအပေါ် ကျေးဇူးတင်ရှိကြောင်းနှင့် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ခိုင်မာစေကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကိုးကား - အင်နှံအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

အာဖရိကဒေသတွင်း အီဘိုလာရောဂါကူးစက်မှုအား တုံ့ပြန်ဆောင်ရွက်

အခစ်အဘာဘာ မေ ၂၄

အာဖရိကဒေသအတွင်းရှိ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံတို့တွင် အီဘိုလာရောဂါ ပျံ့နှံ့နေခြင်းအား တုံ့ပြန်ဆောင်ရွက်ရန် အာဖရိက ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာက တာဝန်ရှိသူများအား ညွှန်ကြားခဲ့ကြောင်း သိရသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာရောဂါစတင်ဖြစ်ပွားသည့် မေ ၁၅ ရက်မှ စတင်၍ ရောဂါကူးစက်ခံရသူ ၇၄၅ ဦးနှင့် သေဆုံးသူ ၁၇၆ ဦးရှိခဲ့ကြောင်း စင်တာညွှန်ကြားရေးမှူးချုပ် ယွန်ကတ်ဆီယာက ပြောကြားသည်။ လက်ရှိတွင် ရောဂါကူးစက်ဖြစ်ပွားနေသည့် နိုင်ငံနှစ်နိုင်ငံနှင့် ရောဂါကူးစက်နိုင်ခြေရှိသည့် နိုင်ငံ ၁၀ နိုင်ငံ ရှိကြောင်း ၎င်းက ပြောကြားသည်။ ရောဂါကူးစက်မှုအခြေအနေများအရ အခြားဒေသတွင်းနိုင်ငံများမှာ ရောဂါကူးစက်ဖြစ်ပွားနေသည့် နိုင်ငံများနှင့် နယ်နိမိတ်ကွာဝေးသောကြောင့် ၎င်းနိုင်ငံများအား ရောဂါကူးစက်နိုင်ခြေများသည့်နိုင်ငံများဟု သတ်မှတ်၍ မရကြောင်း ၎င်းက ပြောကြားသည်။

ဒေသတွင်းနိုင်ငံများတွင် ဆေးဝါးဆိုင်ရာ အရင်းအမြစ်များမရှိခြင်း၊ လူများ ရွှေ့ပြောင်းသွားလာမှုရှိခြင်းအပါအဝင် ရောဂါကာကွယ်ရေးဆောင်ရွက်ရာတွင် အားနည်းကြောင်း ၎င်းက ပြောကြားသည်။ အာဖရိကတိုက်သည် လက်ရှိတွင် ရောဂါဖြစ်ပွားမှုကို တုံ့ပြန်ရန် အမေရိကန်ဒေါ်လာ ၃၁၉ သန်းခန့် လိုအပ်ပြီး ၎င်းအနက် ဒေါ်လာ ၂၆၅ သန်းမှာ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ယူဂန်ဒါတို့တွင် တုံ့ပြန်ရေးဆောင်ရွက်မှုများကို ပံ့ပိုးရန်အတွက်ဖြစ်ပြီး ဒေါ်လာ ၅၄ သန်းမှာ ရောဂါကူးစက်နိုင်ခြေရှိသည့် နိုင်ငံ ၁၀ နိုင်ငံတွင် ကြိုတင်ပြင်ဆင်မှုဆောင်ရွက်ရန်အတွက် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

အိမ်ဖြူတော်အနီး သေနတ် ပစ်ခတ်မှုဖြစ်ပွား၊ သံသယရှိသူ သေဆုံး



ဝါရှင်တန် မေ ၂၄

အိမ်ဖြူတော်အနီး ပစ်ခတ်မှုတွင် သံသယရှိသူတစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန် စုံစမ်းစစ်ဆေးရေးဌာနက ယမန်နေ့တွင် ကြေညာခဲ့သည်။

သေနတ်ပစ်ခတ်မှု ဖြစ်ပွားစဉ် သမ္မတ ဒေါ်နယ်ထရမ့် အိမ်ဖြူတော်၌ ရှိနေသော်လည်း ထိခိုက်မှု မရှိကြောင်း သိရသည်။ သံသယရှိသူမှာ အသက် ၂၁ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ကြောင်း အမေရိကန်မီဒီယာများက ဖော်ပြသည်။

၎င်းသည် ဖက်ဒရယ်အေးဂျင့်များနှင့် ယခင်က တွေ့ဆုံခဲ့ဖူးပြီး စိတ်ပိုင်းဆိုင်ရာ အကဲဖြတ်ရန်အတွက် ထိန်းသိမ်းခံထားရသူတစ်ဦးဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အမျိုးသားသည် အိမ်ဖြူတော်ဝင်းအပြင်ဘက်ရှိ စစ်ဆေးရေးဂိတ်တစ်ခုသို့ ချဉ်းကပ်ကာ ၎င်း၏အိတ်ထဲမှ သေနတ်ဖြင့် လုံခြုံရေးအရာရှိများကို စတင်ပစ်ခတ်ခဲ့ရာ လုံခြုံရေးအရာရှိများကလည်း ပြန်လည်ပစ်ခတ်ခဲ့ကြောင်း စုံစမ်းစစ်ဆေးရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အဆိုပါ သံသယရှိသူအား ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ဆေးရုံ၌ သေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာတာဝန်ရှိသူများက အတည်ပြုပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် အနီးဝန်းကျင်ရှိ ပြည်သူတစ်ဦးလည်း သေနတ်ထိမှန်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ သို့သော် ၎င်းနှင့်ပတ်သက်ပြီး အသေးစိတ်ဖော်ပြခြင်း မရှိခဲ့ပေ။

ပြီးခဲ့သည့်လက သမ္မတ ထရမ့်တက်ရောက်သည့် ညစာစားပွဲတစ်ခုတွင်လည်း လုံခြုံရေးဂိတ်သို့ လက်နက်ကိုင် အမျိုးသားတစ်ဦး အတင်းဝင်ရောက်ရန် ကြိုးပမ်းစဉ် လုံခြုံရေးအရာရှိများက ၎င်းအား ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ကိုးကား - အင်နှံအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိ တရုတ်နိုင်ငံသား ၂၇ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့



နေပြည်တော် မေ ၂၄

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်း စစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံ ဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသား ၂၇ ဦးကို ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၄ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၁၄၆၈၅ ဦး ထိန်းသိမ်း နိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၁၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၄ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၂ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



စက်မှုဇုန်များ၌ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာဖြန့်ဖြူးပေးနိုင်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၂၄

စက်မှုဇုန်များတွင် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လျှပ်စစ်မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းရုံးချုပ်မှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် လျှပ်စစ်မန်နေဂျာရုံးများမှ တာဝန်ရှိသူများ၊ လှိုင်သာယာ(အရှေ့)၊ လှိုင်သာယာ(အနောက်)၊ ရွှေလင်းဗန်း၊ ရွှေပြည်သာ၊ မင်္ဂလာဒုံမြို့နယ်များရှိ စက်မှုဇုန်ကော်မတီဝင်များ တက်ရောက်ကြသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စက်မှုဇုန်များအတွင်း လျှပ်စစ်ဓာတ်အား ပြည့်ဝစွာဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှုမရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှုမရှိစေရေးတို့အတွက် SAC ကြိုးများဖြင့် လဲလှယ်တပ်ဆင်ရေး၊ ဟောင်းနွမ်းဓာတ်အားလိုင်းတိုင်များ လဲလှယ်ရေးစသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ချစ်ဆောင်(YESC)



သထုံမြို့နယ်၌ ကျေးရွာကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

သထုံ မေ ၂၄

မွန်ပြည်နယ် သထုံမြို့နယ် ရှမ်းစုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းထောက်ပံ့ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်လွင်၊ သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဧပြီလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သုတ

တာမွေမြို့နယ်၌ ပြန်လည်ထူထောင်ရေး ဆွေးနွေးဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုရုံး မေတ္တာစံအိမ်ခန်းမ၌ ယနေ့နံနက်ပိုင်းက မူးယစ်ဆေးဖြတ်သင်တန်းသားများအား ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောသည်။

ရှင်းလင်းဖြေကြား

အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုမှဥက္ကဋ္ဌ ဦးစံရှိန်က ပွဲကျင်းပပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာန ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်အောင်ဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)မှ ဦးစီးအရာရှိဦးအောင်ကိုကိုက မူးယစ်ဆေးစွဲသူများအား ပြန်လည်ထူထောင်ရေး အသိပညာပေးရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

နိုင်လင်းအောင်(တာမွေ)



ထန်းတပင်မြို့နယ်၌ မီးခိုးမြူငွေ့လျော့ချရေး အသိပညာပေးဟောပြော

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူး၍ မီးခိုးမြူငွေ့လျော့ချရေး အသိပညာပေးဟောပြောပွဲကို မေ ၂၁ ရက်က လမုကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ပရွတ်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတို့၌ ကျင်းပသည်။



အသိပညာပေးဟောပြော

အဆိုပါဟောပြောပွဲများတွင် မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက သစ်တောသစ်ပင်များအကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များအကြောင်း၊ သစ်တောများက ပေးစွမ်းနိုင်သည့် ဂေဟစနစ်ဆိုင်ရာအကျိုးကျေးဇူးများ၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေးတွင် သစ်တောများ၏အရေးပါမှု၊ အကျိုးကျေးဇူးများနှင့် မီးခိုးမြူငွေ့ လျော့ချရေးအတွက် Fire Hotspotsများ လျော့နည်းကျဆင်းအောင် တောမီးရှို့ခြင်း၊ လယ်ယာများ မီးရှို့ခြင်းများ မပြုလုပ်ရန်၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆောင်ရွက်နေမှု အခြေအနေများ၊ သစ်တောများ ထိန်းသိမ်းရေးအကြောင်းနှင့် သစ်တောမှပေးစွမ်းနိုင်သော အကျိုးကျေးဇူးများအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဧင်မင်းထိုက်(ထန်းတပင်)



မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်း ဦးဆောင်သောတပ်ဖွဲ့ဝင်များသည် အလုပ်ရုံတစ်ခုခု၌ မေ ၂၄ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ ချမ်းသာ(ပြန်/ဆက်)

❍ ချင်းသောင်းကျန်းသူများမှ

အစရှိသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို မန္တလေးမြို့မှလည်းကောင်း၊ နေရပ်များသို့ ပြန်လည်နေထိုင်သည့် ပြည်သူများသို့ ထောက်ပံ့မည့် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်းများ ပါဝင်သည့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို နေပြည်တော်မှလည်းကောင်း ယနေ့နံနက်ပိုင်းက တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

ထောက်ပံ့သွားမည်ဖြစ်

ယနေ့တွင် ဘိလပ်မြေ ၁၀ တန်၊ အမိုးသွပ် ၁၀ တန်၊ လိုအပ်သော သွပ်ရိုက်သံ ၁၂ ပိသာကျော်နှင့် ကယ်ဆယ်ထောက်ပံ့ပစ္စည်း သုံးတန်ကျော်တို့ကို ပေးပို့ခဲ့ပြီး သက်ဆိုင်ရာမြို့နယ်များသို့ ဆက်လက်ဖြန့်ခွဲထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ ဒေသ၏ လိုအပ်ချက်များအပေါ်မူတည်ပြီး ဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇာနည်ကိုကို(ပြန်/ဆက်)







ဇမ္ဗူသီရိမြို့နယ်၌ စိုက်ပျိုးစရိတ်နှင့် လယ်ယာသုံးစက်ကိရိယာချေးငွေထုတ်ပေးနိုင်ရေး ဆွေးနွေး

ဇမ္ဗူသီရိ မေ ၂၄

နေပြည်တော်ရှိ တောင်သူများအား စိုက်ပျိုးစရိတ်နှင့် လယ်ယာသုံးစက်ကိရိယာချေးငွေထုတ်ပေးနိုင်ရေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ Kubota-GBS ရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နေပြည်တော် တိုင်းမန်နေဂျာ ဒေါ်ယဉ်ရွှဲက လယ်ယာသုံးစက်ကိရိယာ ချေးငွေထုတ်ချေးရေး ဆောင်ရွက်မည့်အစီအစဉ်သစ်အနေဖြင့် တောင်သူလယ်သမားများနှင့် လယ်ယာထုတ်ကုန်လုပ်ငန်းရှင်များသို့ လယ်ယာသုံးစက်ကိရိယာ ချေးငွေများကို ငွေကျပ်သိန်း ၁၀၀ မှ ၅၀၀ အထိ၊ ကျပ်သိန်း ၅၀၁ မှ ၁၀၀၀ အထိ၊ ကျပ်သိန်း ၁၀၀၁ မှ ၃၀၀၀ အထိနှင့် ကျပ်သိန်း ၃၀၀၁ မှ ၅၀၀၀ အထိစသည်ဖြင့် ကဏ္ဍအလိုက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တောင်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မိတ္ထီလာမြို့၌ ကျောင်းအပ်နှံရေးရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးကမ်ပိန်းဆောင်ရွက်

မိတ္ထီလာ မေ ၂၄

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာမြို့တွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် ကျောင်းအပ်နှံရေး ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးကမ်ပိန်းကို ယမန်နေ့က အထက(၁) ပညာရေးခန်းမရှေ့နှင့် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမအနီးတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မိတ္ထီလာ- ကျောက်ပန်းတောင်း ကားလမ်းမတွင် ဖြတ်သန်းသွားလာကြသည့် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအား ၂၀၂၆-၂၀၂၇ ပညာသင်နှစ် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့ ဆောင်ပုဒ်ပါဝင်သည့် ကျောင်းအပ်နှံရေးရက်သတ္တပတ် လှုပ်ရှားမှု အသိပညာပေးလက်ကမ်းစာစောင်များကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဒေါ်မော်မော်နှင့် ပညာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

❖

ပျဉ်းမနားဘိုးဘွားရိပ်သာ၌ ကွင်းဆင်းကုသရေးအဖွဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

နေပြည်တော် မေ ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ခုတင် (၂၀၀) ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများပါဝင်သော ကွင်းဆင်းကုသရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် ပျဉ်းမနားဘိုးဘွားရိပ်သာသို့သွားရောက်၍ သက်ကြီးအဘိုး၊ အဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက ဘိုးဘွားရိပ်သာရှိ အဘိုး ၁၃ ဦး၊ အဘွား ၂၈ ဦး စုစုပေါင်း ၄၁ ဦးတို့ကို စစ်ဆေး၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



တိုက်ကြီးခရိုင်၌ အသိပညာပေးရှင်းလင်းပွဲ ကျင်းပ

တိုက်ကြီး မေ ၂၄

ရန်ကုန်တိုင်းဒေသကြီးတိုက်ကြီးခရိုင် Placement Test အထူးအစီအစဉ်ကျင်းပမည့်အချက်များအား အသိပေးရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(တိုက်ကြီး) ရှိ ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။



အသိပေးရှင်းလင်းပွဲသို့တိုက်ကြီးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ တက်ရောက်ပြီး ခရိုင်ပညာရေးမှူး ဒေါ်စန္ဒာဦးက Placement Test (အထူးအစီအစဉ်) ကျင်းပဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သည့် အချက်များ၊ သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

ကျောင်းကုန်းမြို့၌ Football for School သင်တန်းသားများအား အာဟာရကျွေးမွေးလှူဒါန်း

ကျောင်းကုန်း မေ ၂၄

ဧရာဝတီတိုင်း ဒေသကြီး ကျောင်းကုန်းမြို့နယ် မိတာ ၄၀၀ မြို့မအားကစားကွင်း အတွင်း၌ Pilot Project အစီအစဉ်အရ ဖွင့်လှစ် သင်ကြားလျက်ရှိသည့် Football for School၊ Smart-School အားကစားသင်တန်းသားများအား မေ ၂၂ ရက်က သာဂူတိုက်ကျွေးခဲ့သည်။



အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းနှင့် ဧရာဝတီတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းတို့ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ငါးသိန်းဖြင့် သင်တန်းသားများအား နို့ဆန်ပြုတ်နှင့် သာဂူများ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)



ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာတတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

စာချုတန်း မစိုးရိမ်ပဋ္ဌာန်းကျမ်း



မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မသဟာယကျောင်း နာယက ဘဒ္ဒန္တဝိစိတ္တာ-အရှင်ဝီရသူ ရေးသားပြုစုသည့် စာချုတန်း မစိုးရိမ်ပဋ္ဌာန်းကျမ်းစာအုပ် (ဒုတိယအကြိမ်) ထွက်ရှိလာသည်။


ကျေးဇူးတော်ရှင် မစိုးရိမ်ဆရာတော်ကြီး၏ပဋ္ဌာန်းအမွေအနှစ်ကို မစိုးရိမ်နာယကဆရာတော်အစဉ်အဆက် လက်ဆင့်ကမ်း၍ ထိန်းသိမ်းဖြန့်ဝေလျက်ရှိရာ စာရေးသူလည်း အပါအဝင်ဖြစ်သည်။ ဤကျမ်းငယ်သည် စာသင်သားများသာ လက်စွဲပြုထိုက်သည့်စာအုပ်သာမက စာချုတန်း ဆရာတော်များလည်း လက်ကိုင်ပြုနိုင်သည့်စာအုပ်ဖြစ်သည်။

ဤစာအုပ်၌ ပဋ္ဌာန်းနှစ်ချက်စု၊ ပစ္စယနိဒ္ဒေသပါဠိတော်နှင့် အရကောက်၊ အဋ္ဌကထာဝါကျ ဥဒါဟရုဏ်ပုံစံများနှင့် ပဋ္ဌာန်းနည်းစာစပ်တို့ ပါဝင်သည်။

အထူးသဖြင့် ပဋ္ဌာန်းနည်းဖြင့် စာမစပ်နိုင် သတ္တိမပြိုင်နိုင်သောပြယုဂ်များ၌ သုတ္တန်နည်း ပကတူပနိဿယ ပြုင်လေ့စပ်လေ့ရှိကြောင်းကို ကျမ်းဂန်အထောက်အထားများဖြင့် ပြဆိုထားရာ သဘောကျနှစ်ခြိုက်လိမ့်မည်ဖြစ်သည်။

စာအုပ်ကို စိန်ပန်းပြာစာပေနှင့် သင်္ကန်းပရိက္ခရာဆိုင် ဖုန်း-၀၉၅၀၁၀၅၀၆ ရွှေတိဂုံစေတီတော် အရှေ့ဘက်မှခံ၊ သဟာရစာပေ (မန္တလေး) ဖုန်း - ၀၉၇၆၀၇၀၀၂၂ နှင့် ပျိုးခင်းစာပေ ဖုန်း- ၀၉၂၅၀၉၀၃၉၆၉ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဝင်း ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ဖြန့်ချိသည်။

မဟာနန္ဒဝံဆရာတော် ဘဒ္ဒန္တပညာသာမိမဟာထေရ်၏ သက်တော်(၉၀)ပြည့် နဝရတ်ရတုအထိမ်းအမှတ်စာစောင်



မဟာနန္ဒဝံဆရာတော် ဘဒ္ဒန္တပညာသာမိမဟာထေရ်၏ သက်တော် (၉၀) ပြည့် နဝရတ်ရတု အထိမ်းအမှတ်စာစောင် စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် ဓာတ်ပုံကဏ္ဍ၊ ကဗျာကဏ္ဍ၊ ဆောင်းပါးကဏ္ဍ၊ မှတ်သားစရာ အဖြည့်စာဟူ၍ ပါရှိသည်။

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် မုံညင်းအုပ်စု မုံညင်းကျေးရွာ ခမည်းတော် ဦးကျား၊ မယ်တော် ဒေါ်ဖွားကြိုးတို့မှ ကောဓဝယက္ကရာဇ် ၁၂၉၈ ခုနှစ် ကဆုန်လဆုတ် ၁၀ ရက် ကြာသပတေးနေ့ (၁၄-၅-၁၉၃၆ ခုနှစ်)တွင် ဖွားမြင်တော်မူသော ဒုတိယမြောက် သားရတနာဖြစ်သည်။ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ မုံရွာမြို့ လယ်တီတိုက်၊ မန္တလေးမြို့ မစိုးရိမ်တိုက် အစရှိသည့်ပရိယတ္တိကျောင်းတိုက်ကြီးများတွင် သီတင်းသုံးတော်မူလျက် ပရိယတ္တိစာပေများကို လေ့လာဆည်းပူးတော်မူခဲ့သည်။ ယခုအခါ ဆရာတော်သည် ဇာတိရွာ မဟာနန္ဒဝံကျောင်း၌ သီတင်းသုံးနေထိုင်တော်မူရင်း ရွာသူ ရွာသား၊ နယ်သူ နယ်သားအပေါင်းတို့၏အကျိုးစီးပွားကို မေတ္တာ၊ ကရုဏာရှေးရှုကာ ဆောင်ရွက်လျက်ရှိသည်။

စာအုပ်ကို ရှင်မတောင်စာပေ ဖုန်း - ၀၉၇၉၁၀၉၁၀၄၈ အမှတ် ၂၈(က) ၁/အနော်မာ ၃ လမ်း (အနောက်) သာကေတမြို့နယ် ရန်ကုန်မြို့မှ မမွှဒါနအဖြစ် ထုတ်ဝေသည်။



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်မှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်မှန်းလက်လီဈေးနှုန်းများ

၂၅-၅-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၈၅	၄၇၃၀	၄၇၁၀	၄၆၆၀	၄၇၃၀	၄၇၈၅	၄၈၀၅	၄၆၆၀	၄၈၀၅	၅၂၂၅	၄၇၀၅	၄၈၀၅	၄၈၀၀	၄၇၆၀	၄၇၆၀	၄၉၀၅
95 Ron	၄၆၆၅	၄၈၄၀	၄၇၇၅	၄၆၆၅	၄၈၄၀	၄၈၅၀	၄၈၉၀	၄၇၅၀	၄၉၀၀	၅၂၂၀	၄၇၇၀	၄၉၆၀	၄၈၅၅	၄၈၃၀	၄၈၃၀	၅၀၀၀
HSD (500 ppm)	၄၄၆၀	၄၆၆၀	၄၅၈၀	၄၄၇၅	၄၆၆၀	၄၆၈၅	၄၇၀၀	၄၅၅၀	-	၅၀၀၅	၄၅၇၅	၄၅၈၅	၄၆၅၅	၄၆၆၀	၄၆၆၀	၄၈၀၀
HSD (50 ppm)	၄၅၈၅	၄၆၆၀	၄၆၆၀	၄၅၇၀	၄၆၆၅	၄၆၈၅	၄၇၁၀	၄၅၈၀	၄၇၁၀	၅၀၀၅	၄၆၈၅	၄၆၈၅	၄၇၀၀	၄၆၆၀	၄၆၆၀	၄၈၀၅
HSD (10 ppm)	၄၅၈၅	၄၆၆၀	၄၆၆၀	၄၅၇၀	၄၆၆၅	၄၆၈၅	၄၇၁၀	၄၅၈၀		၅၀၀၅	၄၆၈၅	၄၆၈၅	၄၇၀၀	၄၆၆၀	၄၆၆၀	၄၈၀၅

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၉၀၀	၄၉၆၀
95 Ron	၄၉၁၀	၄၉၅၅
HSD (500 ppm)	၄၂၂၀	၄၃၅၆
HSD (50 ppm)	၅၂၂၉	၅၂၈၄
HSD (10 ppm)	၅၂၂၉	၅၂၈၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၁၊ ၀၉-၆၆၀၅၉၉၉၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



သမဝါယမအသင်း စုဆောင်းငွေအပေါ်အတိုးများပေးအပ်

သီပေါ မေ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမနှစ်ဝက် စုဆောင်းငွေအပေါ် အတိုးပေးအပ်ခြင်းကို အဆိုပါအသင်းရုံးခန်းမ၌ မေ ၂၂ ရက်က ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကောင်းသက်စံက အမှာစကားပြောကြားခဲ့ပြီး အသင်းဥက္ကဋ္ဌ ဦးတင်မောင်မောင်က အသင်း၏လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အသင်းဥက္ကဋ္ဌက အသင်းသားများအား စုဆောင်းငွေအပေါ် အတိုးများ ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဉာဏ်ရည်တုလှိုင်းများ (၇)



နိဒ်သစ်

လက်ရှိအေအိုင်အဆင့်အတန်းသည် အထွေထွေသုံးနည်းပညာအဆင့်သို့ မရောက်သေး။ သို့သော် အထွေထွေသုံးနည်းပညာတို့လိုမျိုး ပါဝါပြန်လည်ဖြန့်ဝေမှု စတင်နေပြီဖြစ်သည်ကို သတိပြုမိသည်။ များသောအားဖြင့် အထွေထွေသုံးနည်းပညာတို့၏ ပါဝါပြန်လည်ဖြန့်ဝေမှုမှာ အဘက်ဘက်သို့ ပျံ့နှံ့သွားသလား၊ ဗဟိုချက်တွင် စုသွားသလားဆိုသည့် အဓိက ပုံစံနှစ်မျိုးရှိသည်။ ယခုအေအိုင်မှာမူ ရှေ့က ပြောခဲ့ဖူးသလို ပျံ့နှံသည်လည်းရှိသလို ဗဟိုချက်တွင် စုသွားသည်လည်းရှိသည်ကို အံ့သြစရာတွေ့ရသည်။ နည်းပညာတစ်ခု၏ ပါဝါပြန်လည်ဖြန့်ဝေမှုကို လေ့လာခြင်းမှာ အလွန်ကျယ်ပြန့်ပါသည်။ ကျွန်တော်ကတော့ ထုံးစံအတိုင်း ခြေဖမ်းလက်ဖမ်းနည်းဖြင့် ကိုယ်မြင်သလောက်သာ ဆွေးနွေးသွားမည်ဖြစ်၍ ပို့မြင်နိုင်ကြသူများ သည်းခံကြပါ။ ဤဆောင်းပါးတွင် ပြောလိုသည်မှာ အေအိုင်သည် နည်းပညာတစ်ခု၊ ကိရိယာတစ်ခုသာမဟုတ်တော့ဘဲ ပါဝါပြန်လည်ဖြန့်ဝေသည့်စနစ်တစ်ခုဖြစ်လာနေပြီဆိုသည့်အချက်ပင်။

လူအများစုအနေဖြင့် အေအိုင်ကို စကားအပြန်အလှန်ပြောနိုင်သော၊ အလုပ်အတွက်ဖြစ်ဖြစ်၊ ကျောင်းအတွက်ဖြစ်ဖြစ် အကြံဉာဏ်ရသော၊ ကိုယ်လိုချင်သည့်ပုံများ၊ ဗီဒီယိုများ ဖန်တီးစေနိုင်သော ကိရိယာတစ်ခုအဖြစ်သာ မြင်နေရသေးသည်။ သို့သော် ထိုအတိုင်းအတာမှာပင် ပါဝါပြန်လည်ဖြန့်ဝေမှုကို မြင်နေရသည်။ ယခင်က ကိုယ်မလုပ်နိုင်သောအရာများကို လုပ်နိုင်နေသည့် ခံစားချက်ကောင်းတစ်ခု ရရှိနေသည်မဟုတ်ပါလား။ ယင်းသည်ပင်လျှင် အေအိုင်ကပေးလာသည့် ပါဝါဖြစ်သည်။ ထိုပါဝါသည် အင်တာနက်အသုံးပြုနိုင်သော လူတိုင်းဆီသို့ ပျံ့နှံ့ရောက်ရှိသည်။ သုံးခြင်း၊ မသုံးခြင်းက ပုဂ္ဂလိကရွေးချယ်မှုသာ။

ကျွန်တော်ကိုယ်တိုင်လည်း အေအိုင်ထံမှ အကျိုးကျေးဇူးနည်းနည်းပါးပါး လက်တွေ့ရရှိထား၍ ထိုသို့ပြောနိုင်ခြင်းဖြစ်သည်။ အေအိုင်မတိုင်ခင် နည်းပညာများအရဆိုလျှင် ကျွန်တော့်လို ဘာမှမဟုတ်သူ တစ်ယောက်အနေဖြင့် စမတ်ဖုန်းတွင်သုံးနိုင်သည့် အက်ပ်တစ်ခုဖန်တီးဖို့ဆိုသည်မှာ ဘယ်လိုမှမဖြစ်နိုင်။ သို့သော် အေအိုင်နှင့် အပြန်အလှန် မေးမြန်းစုံစမ်းကြည့်ပြီးနောက် အက်စ်ကျူအယ်လ်၊ အေပီအိုင် တို့သုံးထားသော အက်ပ်တစ်ခုကို ဖန်တီးနိုင်ခဲ့သည်။ စီးပွားဖြစ်မဟုတ်၍ ပရေးစတိုးသို့မတင်သည့်တိုင် မိတ်ဆွေသူငယ်ချင်းများနှင့်မျှဝေပြီး ပျော်ပျော်ရွှင်ရွှင် သုံးနိုင်သည့် အက်ပ်တစ်ခုဖြစ်လာသည်။ ထိုအခါတွင်မှ အေအိုင်ကပေးလာသည့်ပါဝါကို သတိပြုမိလိုက်ခြင်းဖြစ်သည်။

ကျွန်တော့်လို လူတစ်ယောက်ပင် အက်ပ်တစ်ခု ရေးနိုင်သည်ဆိုလျှင် ပရိုဂရမ်မာတစ်ယောက်ဆိုလျှင် စီးပွားဖြစ်အက်ပ်တစ်ခုကို ကောင်းကောင်းစတင်နိုင်စရာရှိသည်။ ကောင်းသည့်အချက်ဖြစ်သည်။ ကျွန်တော့်သမီး ခုနှစ်တန်းတက်မည့်ကျောင်းသူက ပန်းချီဆွဲရသည်ကို ဝါသနာပါသည်။ သူသိလိုသည့် အချက်များကို အေအိုင်ကို့မေးပြီး ကွန်ပျူတာပေါ်တွင်ရော စာရွက်များပေါ်တွင်ပါ သူဖန်တီးလိုသည်တို့ကို ပို့ပြီးကောင်းကောင်းဖန်တီးလာနိုင်သည်ကို အံ့သြစရာတွေ့ရသည်။ ကောင်းသည့်အချက်ဖြစ်သည်။ ဓာတ်ပုံ၊ ဗီဒီယိုတို့နှင့်ဆိုင်သည့် အေအိုင်များလည်းရှိရာ ဝါသနာပါသူတို့အဖို့ မီဒီယာ စတူဒီယိုတစ်ခုတည်ဆောက်ဖို့ ဖြစ်နိုင်လောက်သည်။ ကောင်းသည့်အချက်ဖြစ်သည်။ သို့သော် မကောင်းသည့်အပိုင်းဆိုလျှင်ရော။

